ဒို့တာဝန်အရေးသုံးပါး
♦ ပြည်ထောင်စုမပြိုကွဲရေး။
♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ်အချိန်မီရောက်မည် မြဝတီ

the Myawady Daily


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသည်၌ အနှစ်ရှိ၏ဟူ၍လည်းကောင်း၊
အနှစ်မရှိသည်၌ အနှစ်မရှိဟူ၍လည်းကောင်း
သိလျက် မှန်သောအကြံအစည်၌ကျက်စားလေ့
ရှိသောသူတို့သည် အနှစ်သာရကိုရကုန်၏။

ဓမ္မပဒ


၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ တနင်္ဂနွေနေ့ အတွဲ(၆)၊ အမှတ်(၁၇၄)


# မိမိကိုယ်ကိုတန်ဖိုးထားပြီး စည်းကမ်းကောင်းသည့်တပ်များ၊ စွမ်းရည်ရှိသည့်တပ်များဖြစ်အောင် အမြဲကြိုးစားလုပ်ဆောင်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မန္တလေးတပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် အောက်တိုဘာ ၈

**နိုင်ငံတော်ကိုကိုယ်စားပြုသည့် တစ်ခုတည်းသောတပ်မတော်ဖြစ်၍ နိုင်ငံတော်က အားထားယုံကြည်၊ စိတ်ချမှုရှိရန်လို**ကြောင်း၊ **တပ်မတော်သားများအနေဖြင့် မိမိကိုယ်ကိုတန်ဖိုးထားပြီး စည်းကမ်းကောင်းသည့်တပ်များ၊ စွမ်းရည်ရှိသည့်တပ်များဖြစ်အောင် အမြဲကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်**ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီခွဲတွင် မန္တလေးတပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်းရေလေ) **စာမျက်နှာ ၁၆ ကော်လံ ၁** ☆

## ၂၀၁၆ ခုနှစ်၊ ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အတွက် ကမ္ဘာ့စာပို့တိုက် သမဂ္ဂ ညွှန်ကြားရေးမှူးချုပ် ပေးပို့လာသော သဝဏ်လွှာ

စာ- ၁၆ သို့

## စင်ကာပူကွန်ဒိုအရောင်းပွဲတော် ရန်ကုန်မြို့၌ကျင်းပမည်

စာ- ၃ သို့

## အမေရိကန်နိုင်ငံက နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအားကောင်းလာစေရန် နိုင်ငံရပ်ခြားလယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုဌာနဖွင့်လှစ်ပြီး လုပ်ငန်းများစတင်

စာ- ၆ သို့

| မြို့ | အနိမ့်ဆုံးအပူချိန် / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၄° C / ၃၂° C |
| ရန်ကုန် | ၂၄° C / ၂၉° C |
| မန္တလေး | ၂၆° C / ၃၃° C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**ဆောင်းပါး**

## တပ်မတော်၏အရန်အင်အား စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ

အောင်ခန့်ဖြိုးဝေ(တောင်ငူ)

စာ- ၁၃ သို့

## လိုင်စင်အနီယာဉ်များကို ကမ္ဘာလှည့်ခရီးသွားများ သယ်ယူပို့ဆောင်နိုင်သည့် အသိအမှတ်ပြုတံဆိပ်ပြားများ စီမံချက်ဖြင့် လုပ်ဆောင်ပေးနေ

စာ- ၄ သို့




# စင်ကာပူ ကွန်ဒိုအရောင်းပွဲတော် ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၈

မြန်မာနိုင်ငံရှိ KAE Alliance Co.,Ltd. နှင့် စင်ကာပူနိုင်ငံ၏ ကွန်ဒိုမိနီယံဈေးကွက်၌ နာမည်ကြီးဖြစ်သည့် Guoco Land Limited နှင့်ပူးပေါင်း၍ စင်ကာပူကွန်ဒိုအရောင်းပွဲတော်ကို ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအရောင်းပွဲတော်တွင် စင်ကာပူနိုင်ငံရှိ ဆောက်လုပ်ပြီးဖြစ်သည့် ၆၄ ထပ်အမြင့်ရှိသော Wallich Residence (District-2)၊ အမြင့်ပေ ၁၅ ထပ်ရှိသော Sim Urban Oasis (District- 14) နှင့် Leedon Residence (District -10) အစရှိသည့် ကွန်ဒိုများကို ပြသရောင်းချသွားမည်ဖြစ်ကာ ကွန်ဒိုတစ်ခုစီတွင် ပထမဆုံးတစ်ခန်းစီကို ဦးစွာလာရောက်ဝယ်ယူသူများအား အထူးအစီအစဉ်အနေဖြင့် ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်း လျှော့ပေးသွားမည့်အပြင် ဝယ်ယူမည့်သူများကို စင်ကာပူနိုင်ငံရှိ တိုက်ခန်းများသို့သွားရောက်ကြည့်ရှုနိုင်ရန် မြန်မာငွေကျပ် ၁၈ သိန်းဝန်းကျင် ကျခံပေးသွားမည်ဟု KAE Alliance Co.,Ltd. မှ CEO ကိုကျော်မင်းဇင်က ပြောသည်။




ထို့ပြင် ကွန်ဒိုဝယ်ယူမှုအတွက် ရွှေ့နေငှားရမ်းခကို ဝယ်ယူသူများအဆင်ပြေစေရန် KAE Alliance Co.,Ltd. မှ ကျခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**kaykay**

# ရန်ကုန်မြို့ရှိ ဝန်ထမ်းများ အကြွေးဝယ်ကတ် အသုံးပြုနိုင်ရန် ဧရာဝတီဘဏ်က ရုံးများသို့ ကွင်းဆင်းပြုလုပ်ပေး

ရန်ကုန် အောက်တိုဘာ ၈

ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်များက စတင်ဝန်ဆောင်မှုပေးသည့် အကြွေးဝယ်ကတ် (Credit Card) ကို လက်ရှိတွင် ရန်ကုန်မြို့ရှိ ဝန်ထမ်းများစိတ်ဝင်စားမှုများလာသည့်အတွက် ဧရာဝတီဘဏ်မှ စက်တင်ဘာလ တတိယပတ်မှစ၍ ရန်ကုန်မြို့ရှိ ရုံးများသို့ ကွင်းဆင်းပြီး အကြွေးဝယ်ကတ်များ ပြုလုပ်ပေးလျက်ရှိကြောင်း ဧရာဝတီဘဏ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ဝန်ထမ်းတွေအသုံးပြုလို့ရအောင် ရည်ရွယ်ပြီးတော့ ရန်ကုန်မြို့မှာရှိတဲ့ရုံးတွေမှာ ကွင်းဆင်းပြီး အကြွေးဝယ်ကတ်တွေလုပ်ပေးနေတာပါ" ဟု ၎င်းကပြောသည်။

ဧရာဝတီဘဏ်အနေဖြင့် အကြွေးဝယ်ကတ်ကို ၎င်းတို့သတ်မှတ်ထားသည့် လူဦးရေပမာဏရှိမှသာ ကွင်းဆင်းပြုလုပ်ပေးခြင်းဖြစ်ပြီး ဝန်ဆောင်မှုပုံစံမှာ အကြွေးဝယ်ကတ်၌ ဝန်ထမ်းတစ်ဦးချင်း၏ တစ်လရရှိသည့် ဝင်ငွေအပေါ် မူတည်၍ အကြွေးဝယ်ကတ်ထဲသို့ လစာ၏သုံးဆခန့် ထည့်သွင်းပေးထားမည်ဖြစ်ကာ ယင်းဘဏ်နှင့်ချိတ်ဆက်သည့်ဆိုင်နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ကတ်ထဲ၌ရှိသောငွေပမာဏဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။ ငွေသားအနေဖြင့် ၃၀ ရာခိုင်နှုန်းအထိ ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။

ထို့ပြင် ဝန်ထမ်းများအနေဖြင့် ကတ်ထဲ၌ ထည့်ပေးထားသည့် ငွေပမာဏနှင့် အတိုးကို လစဉ်အရစ်ကျပြန်ဆပ်သွားရမည်ဖြစ်သည်။

ဧရာဝတီဘဏ်၏အကြွေးဝယ်ကတ်ကို လျှောက်ထားလိုသည့်ဝန်ထမ်းများမှာ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံတစ်ပုံ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူအပါအဝင် G-mail အကောင့်ရှိရမည်ဖြစ်သည်။

လက်ရှိတွင် ဧရာဝတီဘဏ်အနေဖြင့် ဝန်ဆောင်မှုအား မည်သည့်ကာလအထိ လုပ်ဆောင်ပေးမည်ကို မသတ်မှတ်ရသေးကြောင်း သိရသည်။ **မင်းသော်တာလွင်**

# မော်တော်ယာဉ်ဝယ်ရောင်းဈေးကွက်များတွင် ငွေကျပ်သိန်း ၁၀၀ ဝန်းကျင်ရှိ လုပ်ငန်းသုံးမော်တော်ယာဉ်များ အရောင်းသွက်

ရန်ကုန် အောက်တိုဘာ ၈

ယခုလဆန်းပိုင်းမှစ၍ ရန်ကုန်မြို့ရှိ မော်တော်ယာဉ်ဝယ်ရောင်းဈေးကွက်များတွင် ငွေကျပ်သိန်း ၁၀၀ ဝန်းကျင်ရှိ လုပ်ငန်းသုံးမော်တော်ယာဉ်များကို နယ်မြို့များရှိ ဝယ်လက်များက ဝယ်ယူလာကြကြောင်း သိရသည်။

"နယ်အဝယ်တွေက ဒီလဆန်းပိုင်းကစပြီး ရန်ကုန်မှာရှိတဲ့ မော်တော်ယာဉ်ဝယ်ရောင်းဈေးကွက်တွေမှာ နေ့စဉ် အနည်းဆုံး အစီးရေ ၂၀ လောက် ဝယ်ယူကြတယ်။ မော်တော်ယာဉ်တွေရဲ့ဈေးကလည်း အမျိုးအစားပေါ် မူတည်ပြီး ငွေကျပ်လေး၊ ငါးသိန်းလောက်တက်သွားပါတယ်" ဟု ရန်ကုန်မြို့ သီရိမင်္ဂလာဈေးဟောင်းရှိ မော်တော်ယာဉ်ဝယ်ရောင်းဈေးကွက်မှ ဝါရင့်မော်တော်ယာဉ်ဝယ်ရောင်း ကိုဇော်ဇော်ကပြောသည်။

ထို့ပြင် အရောင်းအဝယ်သွက်နေသည့် ငွေကျပ်သိန်း ၁၀၀ ဝန်းကျင်ရှိ လုပ်ငန်းသုံး Pickup မော်တော်ယာဉ်များမှာ အင်ဂျင်ပါဝါ ၆၆၀ သာရှိပြီး အမျိုးအစားများမှာ Suzuki Pickup၊ Hijet နှင့် Mitsubishi Pickup မော်တော်ယာဉ်များဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းသုံးမော်တော်ယာဉ်များကို မန္တလေး၊ တောင်ကြီးနှင့် ကလောမြို့တို့၌ ကုန်အပေါ့များတင်ဆောင်ရန် အများဆုံးဝယ်ယူကြခြင်းဖြစ်သည်။

ရန်ကုန်မြို့မော်တော်ယာဉ်ဝယ်ရောင်းဈေးကွက်အတွင်းရှိ လုပ်ငန်းသုံးမော်တော်ယာဉ်များမှာ အကွာရာနံပါတ်ဟောင်းများဖြစ်သောကြောင့် မော်တော်ယာဉ်အရောင်းပြခန်းနှင့် စင်တာများရှိ မော်တော်ယာဉ်များနှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းသက်သာသဖြင့် ယင်းမော်တော်ယာဉ်များမှာ အရောင်းသွက်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်မြို့၌ လုပ်ငန်းသုံးမော်တော်ယာဉ်များကို ကျောင်း ကြို/ပို့ ယာဉ်အဖြစ် အဓိကအသုံးပြုကြကြောင်း သိရသည်။

**မင်းသော်တာလွင်**



# အများပိုင်ယာဉ်လိုင်းများတွင် ကျွမ်းကျင်ယာဉ်မောင်းများခန့်ထားနိုင်ရေး ရန်ကုန်မြို့၌ သင်တန်းပေးရန် နေရာစီစဉ်နေ

ရန်ကုန် အောက်တိုဘာ ၈

မကြာမီပေါ်ထွက်လာတော့မည့် အများပိုင်ယာဉ်လိုင်းကုမ္ပဏီများတွင် ကျွမ်းကျင်ယာဉ်မောင်းများ ခန့်ထားနိုင်ရေးအတွက် ရန်ကုန်မြို့၌ ယာဉ်မောင်းသင်တန်း ဖွင့်လှစ်ရန်စီစဉ်ထားပြီး လတ်တလောတွင် သင်တန်းနေရာကိစ္စကို ညှိနှိုင်းနေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ သိရသည်။

"အခု ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနနဲ့တော့ ညှိနှိုင်းနေတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြထားပြီးပြီ။ ရန်ကုန်မှာသင်တန်းဖွင့်ဖို့နေရာကိုညှိနှိုင်းထားတယ်။ သူတို့ဘက်ကတော့ အတည်မပြုရသေးလို့ စောင့်နေတာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်ကပြောသည်။

ယာဉ်မောင်းသင်တန်းဖွင့်လှစ်၍ ကျွမ်းကျင်သောယာဉ်မောင်းများ လေ့ကျင့်မွေးထုတ်ခြင်းဖြင့် လတ်တလောတွေ့ကြုံနေရသည့် ကျွမ်းကျင်ယာဉ်လုပ်သားရှားပါးမှုများကို ဖြေလျှော့ပေးနိုင်မည်ဖြစ်သည်။

အဆိုပါယာဉ်မောင်းသင်တန်းသို့ အခမဲ့တက်ရောက်ခွင့်ပြုရန် စီစဉ်ထားပြီး ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာကာ လုံခြုံစိတ်ချရသည့် ဝန်ဆောင်မှုကောင်းများပေးနိုင်သော ကျွမ်းကျင်ယာဉ်မောင်းများ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်ဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း (င) အဆင့် ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားသူပေါင်း ၁၅၀၀၀၀ ကျော်ရှိနေပြီး ၎င်းယာဉ်မောင်းအများစုသည် ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်များနှင့် ယန္တရားယာဉ်ကြီးများကိုသာ မောင်းနှင်မှုများပြားကာ ခရီးသည်တင်ယာဉ်လိုင်းများတွင် ဝင်ရောက်မောင်းနှင်သည့်အရေအတွက် အလွန်နည်းပါးကြောင်း သိရသည်။ **ထက်နိုင်(စမ်းချောင်း)**

# ရန်ကုန်တက္ကသိုလ်၏ (၉၆) နှစ်မြောက် ရာပြည့်အကြို အထိမ်းအမှတ်ပွဲတွင် သိပ္ပံပွဲခင်း ၂၀၁၆ ကို ထည့်သွင်းကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တက္ကသိုလ်၏ (၉၆) နှစ်မြောက် ရာပြည့်အကြို အထိမ်းအမှတ်ပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး သိပ္ပံပွဲခင်း ၂၀၁၆ ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"သိပ္ပံပွဲခင်းကို ရန်ကုန်တက္ကသိုလ်ရဲ့ (၉၆)နှစ်မြောက်နဲ့ ရာပြည့်အကြိုပွဲမှာ တစ်ခါတည်း ပေါင်းလုပ်သွားပါမယ်။ ဒီဇင်ဘာလထဲမှာလုပ်ပါမယ်။ စာတမ်းဖတ်ပွဲတွေ ရန်ကုန်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံဌာနပေါင်းစုံ ဈေးရောင်းပွဲတွေနဲ့ ပျော်ပွဲရွှင်ပွဲတွေပြုလုပ်ဖို့ စီစဉ်ထားပါတယ်" ဟု ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းကပြောသည်။

အဆိုပါသိပ္ပံပွဲခင်းပြပွဲတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများ၏ ဆန်းသစ်တီထွင်သိပ္ပံပြပွဲနှင့် ပြိုင်ပွဲပြုလုပ်မည်ဖြစ်ပြီး သိပ္ပံဆိုင်ရာတွေးခေါ်မှုနှင့် နည်းစနစ်ကိုအခြေခံသည့် ပရောဂျက်များကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

သိပ္ပံပွဲခင်း၌ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ကုန်ပစ္စည်းထုတ်လုပ် ဖြန့်ဖြူးသောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများ ပါဝင်ပြသရန် ရန်ကုန်တက္ကသိုလ်က ဖိတ်ခေါ်ထားကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တက္ကသိုလ် သိပ္ပံပွဲခင်းပြပွဲကို ၂၀၁၄ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ယခုနှစ်သည် တတိယအကြိမ်မြောက်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ (၄၄၇)



9-10-2016 (P-3)STZ.indd 3 10/8/2016 4:57:56 PM

# မီးထွန်းပွဲတော်နီးလာသဖြင့် လျှပ်စစ်နှင့်ထွန်းရသော အလှဆင်မီးတွဲများ ရောင်းအားကောင်းလာ



ရန်ကုန် အောက်တိုဘာ ၈

မကြာမီ သီတင်းကျွတ်၊ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကာလ ရောက်ရှိတော့မည် ဖြစ်သည့်အတွက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်အပါအဝင် နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများ၌ လျှပ်စစ်မီးဖြင့် ထွန်းရသော အလှဆင်မီးတွဲများအရောင်း အဝယ်သွက်လာကြောင်း အိမ်သုံးလျှပ်စစ် ပစ္စည်းအရောင်းဆိုင်များမှသိရသည်။

ယခုနှစ်တွင် LED မီးလုံးများ အသုံးပြုထားသည့် အလှဆင်မီးတွဲများသာ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များတွင် ဦးစားပေး ရောင်းချလာကြသည်။ မီးတွဲတစ်တွဲတွင် LED မီးလုံးပေါင်း ၂၀ မှစ၍ အရေအတွက် အမျိုးမျိုးပါရှိပြီး ဈေးနှုန်းများမှာလည်း အလှဆင်မီးတွဲတစ်တွဲလျှင် ငွေကျပ် ၁၀၀၀ တန်မှ ၅၀၀၀ ကျော်အထိရှိသည်။

"ဒီနှစ်မှာ LED မီးတွဲတွေ ရောင်းကောင်းလာတယ်။ ကုန်သည်တွေကလည်း LED မီးတွဲတွေကို ပုံစံဒီဇိုင်းမျိုးစုံနဲ့ တင်သွင်းလာကြတယ်။ ဈေးနှုန်းကလည်း ငွေကျပ် ၁၀၀၀ ကနေစပြီး ဝယ်လို့ရတယ်။ အလင်းအားကောင်းပြီး အပျက်အစီးလည်းနည်းတယ်" ဟု တောင်ဥက္ကလာပမြို့ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်ရှင်တစ်ဦးက ပြောသည်။

ယခုနှစ် သီတင်းကျွတ်၊ တန်ဆောင်တိုင် မီးထွန်းပွဲတော်ရက်များတွင် လူနေအိမ်နှင့် ရပ်ကွက်အတွင်းလမ်းများ၌ LED အလှဆင်မီးတွဲများကိုသာ အသုံးပြုလာကြသည်။

ယခင်က ရပ်ကွက်အတွင်းလမ်းများတွင် သီတင်းကျွတ်၊ တန်ဆောင်တိုင် မီးထွန်းသောအခါ လမ်းသူလမ်းသားများက လျှပ်စစ်မီးကြိုးများ၊ မီးခေါင်းများ၊ မီးလုံးများ ဝယ်ပြီး ၎င်းတို့ဘာသာ မီးတွဲများဆင်ကာ မီးထွန်းလေ့ရှိကြောင်း သိရသည်။

ထို့အတူ ကုမ္ပဏီများ၊ စူပါမားကတ်များ၊ ဈေးဝယ်စင်တာများတွင်လည်း မီးထွန်းပွဲတော်ကာလများ၌ LED မီးတွဲများကို ဝယ်ယူကာ အလှဆင်မီးထွန်းကြသည်။

အဆိုပါနေရာများ၌ ယင်းကဲ့သို့ မီးထွန်းညှိ အလှဆင်ရန် မီးတွဲအရေအတွက်အများအပြား ဝယ်ယူမှုများပြားလာသောကြောင့် လျှပ်စစ်ပစ္စည်းလက်လီလက်ကားဆိုင်ကြီးများတွင် ရောင်းအားကောင်းလာကြောင်း သိရသည်။

**ဆောင်းဦး**

# ရန်ကုန်မြို့တော်၏ အမှိုက်ထွက်ရှိမှု ပမာဏမြင့်တက်နေမှုကြောင့် စွန့်ပစ်အမှိုက်သိမ်းဆည်းမှုကုန်ကျစရိတ်မြင့်တက်လာ

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်မြို့တော်၏ အမှိုက်ထွက်ရှိမှု ပမာဏမြင့်တက်နေမှုနှင့်အတူ စွန့်ပစ်အမှိုက် သိမ်းဆည်းမှုကုန်ကျစရိတ်လည်း မြင့်တက်လာကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှသိရသည်။ ပြီးခဲ့သည့် ၂၀၁၂-၂၀၁၃ ခုနှစ်က တွက်ချက်ရရှိထားသည့် အမှိုက်စစ်တမ်းအရ ရန်ကုန်မြို့တော်၏ အမှိုက်ထွက်ရှိမှုပမာဏမှာ တစ်ရက်လျှင် အမှိုက် ၁၅၀၀ တန်ကျော် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၃-၂၀၁၄ ခုနှစ်က ရန်ကုန်မြို့တော်၏ အမှိုက်ထွက်ရှိမှုပမာဏမှာ တစ်ရက်လျှင် အမှိုက်တန် ၁၆၀၀ နီးပါးသို့ ရောက်ရှိခဲ့သဖြင့် ခန့်မှန်းခြေအားဖြင့် တစ်နှစ်လျှင် အမှိုက်ပမာဏသည် တန် ၁၀၀ နီးပါးမြင့်တက်နေသည်။

အဆိုပါအမှိုက်စစ်တမ်းများအရ လူတစ်ဦးချင်း၏ နေ့စဉ်အမှိုက်ထွက်ရှိမှုမှာ သုညဒသမ ၃၉၄ ကီလိုဂရမ်ဖြစ်သည်။

အမှိုက်ထွက်ရှိမှုပမာဏ မြင့်တက်လာသည့်အတွက် အမှိုက်ထိန်းသိမ်းထားရသည့် ဧရိယာများမှာ ကျယ်ပြန့်လာပြီး လက်ရှိတွင် ထိန်ပင်နှင့် ထားဝယ်ချောင်၌ အမှိုက်ထိန်းသိမ်းဧရိယာမှာ ၂၀၅ ဒသမ ၇၇ သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

"အမှိုက်ထွက်ရှိမှုများပြားလာတဲ့အတွက် အမှိုက်သိမ်းဆည်းတဲ့ကုန်ကျစရိတ်လည်းမြင့်တက်လာပါတယ်။ ကျွန်တော်တို့ အမှိုက်သိမ်းတဲ့စနစ်တွေက လှည်းနဲ့သိမ်းတာရှိပါတယ်။ ကားနဲ့သိမ်းပြီးတော့ အမှိုက်ပုံကိုသွားပစ်ရတာရှိပါတယ်။ တစ်နှစ်ကို အမှိုက်တစ်တန်အတွက် ကုန်ကျစရိတ်ငွေကျပ် ၁၄၄၀၀ ကျမှာဖြစ်ပါတယ်။ တစ်ရက်ကို ငွေကျပ် ၄၀ ဝန်းကျင်ဖြစ်ပါတယ်။ တစ်ရက်ကို အမှိုက်တန်ချိန် ၁၀၀၀ ထွက်ရင် ငွေကျပ် ၄၀၀၀၀ လောက်ကုန်ကျသွားနိုင်ပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိအမှိုက်ထိန်းသိမ်းထားသည့် ဧရိယာမှ မီသိန်းဓာတ်ငွေ့ထုတ်ယူပြီး ဂျင်နရေတာဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူမည်ဖြစ်ပြီး အမှိုက်မီးရှို့စက်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူမည်ဖြစ်ကြောင်း သိရသည်။

(၄၄၃)

# လိုင်စင်အနီယာဉ်များကို ကမ္ဘာလှည့်ခရီးသွားများသယ်ယူပို့ဆောင်နိုင်သည့် အသိအမှတ်ပြုတံဆိပ်ပြားများ စီမံချက်ဖြင့် လုပ်ဆောင်ပေးနေ

တောင်ကြီး အောက်တိုဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် ကမ္ဘာလှည့်ခရီးသွားများ သယ်ယူပို့ဆောင်နိုင်ရန် လိုင်စင်အနီယာဉ်များကို အသိအမှတ်ပြုတံဆိပ်ပြားများပြုလုပ်ရန် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ စီမံချက်ကာလသတ်မှတ်၍ ပြုလုပ်ပေးနေကြောင်း သိရသည်။

တောင်ကြီးမြို့၌ စီမံချက်ကာလအတွင်း ကမ္ဘာလှည့်ခရီးသွားတင်ဆောင်ခွင့် လိုင်စင်အပြာများကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ထောက်ခံချက်ပေး၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးနေပြီး လိုင်စင်အနီယာဉ်များကိုလည်း ကမ္ဘာလှည့်ခရီးသည်များ တင်ဆောင်နိုင်သည့် အဆင့်အတန်းရှိ၊ မရှိ စစ်ဆေး၍ အသိအမှတ်ပြုတံဆိပ်ပြားများ ထုတ်ပေးရန် ဆောင်ရွက်နေကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ သိရသည်။

"ကမ္ဘာလှည့်ခရီးသွား တင်ဆောင်နိုင်တဲ့ လိုင်စင်အပြာကို ကျွန်တော်တို့ဌာနမှာ လာလျှောက်ရပါမယ်။ လိုင်စင်အနီက သတ်မှတ်ချက်ပြည့်ရင် အသိအမှတ်ပြုတံဆိပ်ကပ်ခွာပြားလေးတွေလုပ်သွားဖို့ စီစဉ်ထားပါတယ်။ အောက်တိုဘာလမှာ ပညာပေးကာလသတ်မှတ်ပြီးတော့ ဆောင်ရွက်နေတာပါ။ လိုင်စင်တွေလျှောက်ထားလာကြပါပြီ"ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ထွေးက ပြောသည်။

မြန်မာနိုင်ငံအတွင်း လာရောက်သည့် နိုင်ငံခြားသားများအနေဖြင့် စည်ပင်နယ်နိမိတ်ကိုကျော်၍ ခရီးသွားမည်ဆိုပါက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ခွင့်ပြုပြီး လိုင်စင်အပြာယာဉ်များဖြင့်သာ သွားရန် ညွှန်ကြားချက်ထုတ်ပြန်ခြင်းကြောင့် တက္ကစီလိုင်စင်အနီများအနေဖြင့် စည်ပင်နယ်နိမိတ်ပြင်ပအထိ တင်ဆောင်ခွင့်မရှိကြောင်း သိရသည်။

လက်ရှိတွင် လိုင်စင်အနီယာဉ်များသည် ပြည်ပခရီးသွားဧည့်သည်များကို စည်ပင်နယ်နိမိတ်အတွင်း၌သာ တင်ဆောင်နိုင်သော်လည်း စည်ပင်နယ်နိမိတ်ကျော်လွန်ပါက လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူမှုများ ပြုလုပ်နေသဖြင့် ယာဉ်များကို သတ်မှတ်စည်းကမ်းနှင့်ကိုက်ညီပါက ခွင့်ပြုပေးရန် ပြည်တွင်းခရီးသွားလုပ်ငန်းရှင်များက ဩဂုတ်လအတွင်း တောင်းဆိုထားခြင်းဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ လိုင်စင်အနီယာဉ်များဖြင့် ကမ္ဘာလှည့်ခရီးသည်များတင်ဆောင်နိုင်ရန် သတ်မှတ်ချက်များမှာ ယာဉ်ကြံ့ခိုင်မှုရှိခြင်း၊ ယာဉ်ပေါ်တွင် မီးသတ်ဆေးဘူးထားရှိခြင်း၊ အဲကွန်းတပ်ဆင်ထားခြင်း၊ ယာဉ်မောင်းများ အရက်သေစာ သောက်စားမှုမရှိစေခြင်း၊ အရေးပေါ်ကုသနိုင်ရန် ရှေးဦးသူနာပြုစုနည်းတတ်မြောက်ခြင်း၊ အလွယ်တကူရရှိနိုင်သည့် ဆေးပစ္စည်းများ ယာဉ်ပေါ်တွင်ထားရှိခြင်း၊ တစ်စုံတစ်ခုဖြစ်ပွားပါက ယာဉ်မောင်းအနေဖြင့် တာဝန်ယူဖြေရှင်းနိုင်ခြင်း စသည့်စည်းကမ်းချက်များဖြစ်ကြောင်း သိရသည်။

**အမ်အမ်ကေ**

# ဆောက်လုပ်ရေးလုပ်သား ၅၀၀ ကို အာဆီယံအဆင့် အသိအမှတ်ပြုလက်မှတ်ပေးရန် ယခုလအတွင်း ပထမအသုတ်စစ်ဆေးမည်

ရန်ကုန် အောက်တိုဘာ ၈

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် ဆောက်လုပ်ရေးလုပ်သား ၅၀၀ ကို အာဆီယံအဆင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ရာ ယခုလအတွင်း ပထမအသုတ်စစ်ဆေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်မှ သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်နှင့်မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်၍ ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးလုပ်သားများကို ယခုလအတွင်း ဦးစားပေးထုတ်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါလက်မှတ်ရရှိထားပါက ပြည်ပမှ ဆောက်လုပ်ရေးလုပ်ငန်းကြီးများ ဝင်ရောက်လာလျှင် မြန်မာလုပ်သားများ လစာပိုမိုရရှိရန်ရည်ရွယ်ကြောင်း သိရသည်။

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းပေးရေး အဖွဲ့အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်မှလုပ်သားများအပါအဝင် လုပ်သားပေါင်း ၇၂၇ ဦးအတွက် အလုပ်သမားအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**နေနေ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းနေထိုင်သည့် နိုင်ငံခြားသားများလစာမှ အခွန်ငွေကျပ် ၆၁ ဘီလီယံကျော်ရရှိ

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်းဒေသကြီး ၄၅ မြို့နယ်အတွင်း နေထိုင်သည့် နိုင်ငံခြားသား ၆၂၉၆ ဦး၏ လစာငွေမှ အခွန်ရရှိမှုသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၆၁ ဒသမ ၂၉၈ ဘီလီယံကျော်ရရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုမ္ပဏီများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ စက်မှုဇုန်များတွင် လုပ်ကိုင်နေကြသော နိုင်ငံခြားသားများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်တွင်းအခွန်ဦးစီးဌာနမှ ပြဋ္ဌာန်းထားသည့်တည်ဆဲ အခွန်ဥပဒေများနှင့်အညီ အခွန်စည်းကြပ်မှုကို ရှောင်လွှဲ၍မရကြောင်း သိရသည်။

တစ်နှစ်လျှင် နိုင်ငံခြားဝင်ငွေ၏ငွေကျပ်သိန်း ၂၀ အထိကို အခွန်ကင်းလွတ်ခွင့်ပေးထားပြီး ငွေကျပ်သိန်း ၂၀ နှင့်အထက်မှစတင်ကာ ဝင်ငွေအလျှောက်သတ်မှတ်ထားသည့်အခွန်ငွေများ ပေးဆောင်ရမည်ဖြစ်ကြောင်း ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်ကပြောသည်။

မြန်မာနိုင်ငံ၌ နိုင်ငံခြားသားများကို ဝင်ရောက်ခွင့်ပေးထားသောဗီဇာများမှာ သံတမန်ဗီဇာ၊ နိုင်ငံတကာအဖွဲ့အစည်းများဗီဇာ၊ကမ္ဘာလှည့်ဗီဇာ၊ အလုပ်အကိုင်ဗီဇာ၊ သာသနာရေးဗီဇာ၊ ပညာရေးဗီဇာ၊ စာနယ်ဇင်းနှင့် မီဒီယာဗီဇာ၊ ယာဉ်အမှုထမ်းဗီဇာ၊ အလုပ်ရုံဆွေးနွေးပွဲဗီဇာ၊ သုတေသနဗီဇာနှင့် ဖြတ်သန်းဗီဇာတို့ဖြစ်ပြီး နေထိုင်ခွင့်ဗီဇာအလိုက် အခွန်အသီးသီးပေးဆောင်ရကြောင်း သိရသည်။

**ဆုလာဘ်**

## ပြည်တွင်းသို့ပျံသန်းမည့် ခရီးစဉ်များအတွက် ပြည်ပလေကြောင်းလိုင်းလေးခုက စရိတ်နည်းထိုင်ခုံလက်မှတ်များ ရောင်းချပေးသွားမည်

ရန်ကုန် အောက်တိုဘာ ၈

ပြည်တွင်းသို့ပျံသန်းမည့် လေကြောင်းခရီးစဉ်များတွင် နာမည်ကြီးပြည်ပလေကြောင်းလိုင်းလေးခုဖြစ်သည့် ဆစ်ခ်အဲ၊ ဗီယက်ဂျက်၊ ထိုင်းအဲလိုင်းနှင့် အီမရိတ်လေကြောင်းလိုင်းလေးခုက စရိတ်နည်းထိုင်ခုံလက်မှတ်များ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

အဆိုပါလေကြောင်းလိုင်းလေးခုမှ ထိုင်ခုံလက်မှတ်များကို စတင်ရောင်းချရန် စီစဉ်နေပြီး လက်မှတ်အရေအတွက်ကန့်သတ်ထားသော်လည်း ဈေးသက်သာစွာ ပြည်တွင်းသို့ လာရောက်လည်ပတ်ချင်သူများအတွက်ရည်ရွယ်ကာ ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ဗီယက်ဂျက်ဆိုရင် မြန်မာနိုင်ငံကိုဘယ်လိုဈေးသက်သာစွာနဲ့ လည်ပတ်နိုင်ပြီဆိုတာမျိုးကို ပြည်တွင်းက အထင်ကရနေရာတွေကိုတွဲပြီး သူတို့နိုင်ငံမှာ ကြေညာထားတယ်" ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်းကပြောသည်။

ထို့ပြင် ပြည်ပနိုင်ငံများသို့ အလုပ်သွားရောက်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် ခွင့်ရက်များနှင့်အားလပ်ရက်များတွင် ဈေးနှုန်းသက်သာစွာ အိမ်ပြန်လာနိုင်မည်ဖြစ်သည်။

ဥရောပနှင့် အာရှနိုင်ငံများက ပြည်တွင်းသို့ လာရောက်လည်ပတ်နိုင်ရန် အဆိုပါစရိတ်နည်း လေကြောင်းခရီးစဉ်များကို လေကြောင်းလိုင်းကုမ္ပဏီအလိုက် အွန်လိုင်း၊ ဝက်ဘ်ဆိုက်နှင့် ဖေ့ဘွတ်စာမျက်နှာတို့မှ တစ်ဆင့် ကြေညာထားကြောင်း သိရသည်။

**နေနေ**

## ပန်းလှိုင်အိမ်ရာဝင်းအတွင်းရှိ Lotus Place အဆင့်မြင့်အိမ်ရာစီမံကိန်း မကြာမီပြီးစီးတော့မည်



ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်မြို့အနောက်ပိုင်း လှိုင်မြစ်ဘေးရှိ ၆၅၂ ဧက အကျယ်အဝန်းရှိသော ပန်းလှိုင်အိမ်ရာဝင်းအတွင်း၌ Lotus Place အဆင့်မြင့်အိမ်ရာစီမံကိန်းကို Yoma Strategic Holdings Company က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ပန်းလှိုင်အိမ်ရာဝင်းအတွင်း အသစ်တိုးချဲ့ဆောက်လုပ်ထားသည့် Lotus Place အဆင့်မြင့်အိမ်ရာစီမံကိန်းကို မြေနေရာ သုံးဧကကျော်၌ လုံးချင်းအိမ် အလုံး ၃၀ ဆောက်လုပ်ထားခြင်းဖြစ်ပြီး လုံးချင်းအိမ်တစ်လုံးချင်းစီ၏ မြေကွက်အကျယ်မှာ ပေ (၄၀ × ၁၀၀) ရှိကြောင်း သိရသည်။

ထို့ပြင် ပန်းလှိုင်အိမ်ရာဝင်းအတွင်းရှိ Country Club နေရာ၌ ရေကူးကန်နှင့် ကလေးကစားကွင်းများ၊ အားကစားခန်းမ၊ မြက်ခင်းပြင်တင်းနစ်ကွင်းများ၊ Beauty Salon၊ Restaurant နှင့် Spa တို့ပါဝင်တည်ဆောက်ထားသည်။ ထို့ပြင် Lotus Place အဆင့်မြင့်အိမ်ရာစီမံကိန်း၌ ပန်းလှိုင်စီလုံဆေးရုံ၊ ပန်းလှိုင် School၊ ပန်းလှိုင် Country Club၊ ပန်းလှိုင် Golf Club နှင့် Horizon Restaurant များပါဝင်ကြောင်း သိရသည်။

"နေရာအကွက်အကွင်းကောင်းတဲ့ ဒီ Lotus Place အဆင့်မြင့်အိမ်ရာစီမံကိန်းမှာ နေထိုင်သူတွေအနေနဲ့ ခြံဝင်းလေးနဲ့ အဆင့်မြင့်မြင့်နေထိုင်နိုင်ကြမှာဖြစ်ပါတယ်။ လုံးချင်းအိမ် ၁၀ လုံးက ဆောက်လုပ်ပြီးစီးသွားပြီဖြစ်လို့ ရောင်းချပြီးသွားပါပြီ။ ကျန်တဲ့ လုံးချင်းအိမ် အလုံး ၂၀ ကလည်း အချောသပ်လုပ်ငန်းတွေပဲ ကျန်တော့ပါတယ်။ လုံးချင်းအိမ်ဝယ်ယူနေထိုင်သူတွေ အနေနဲ့လည်း အိမ်ကိုဝယ်ယူလိုက်ခြင်းအားဖြင့် နှစ် ၆၀ မြေဂရန်ကိုပါ ရရှိမှာဖြစ်ပါတယ်။ သီးသန့်နေထိုင်လိုသူတွေအတွက် သင့်လျော်တဲ့ဈေးနှုန်းနဲ့ ကုမ္ပဏီကရောင်းချပေးသွားမှာဖြစ်ပြီး အိမ်ကိုအရစ်ကျစနစ်နဲ့ ဝယ်ယူနိုင်ဖို့ ရိုးမဘဏ်နဲ့ ချိတ်ဆက်စီစဉ်ပေးထားပါတယ်။ ဘဏ်ကနေ အိမ်ရဲ့ လက်ရှိပေါက်ဈေးနှုန်းတန်ဖိုးကျသင့်ငွေရဲ့ ၇၀ ရာခိုင်နှုန်းချေးယူလို့ရမှာဖြစ်ပြီး ရိုးမဘဏ်ကနေ နှစ်ရှည်အရစ်ကျစနစ်နဲ့ ဝယ်ယူနိုင်အောင်စီစဉ်ပေးထားပါတယ်" ဟု Yoma Strategic Holdings Company မှ Associate Sales Director ဦးလင်းထွန်းကိုကပြောသည်။ **မောင်မျိုး(ဇရာဝတီ)**

## အွန်လိုင်းဈေးကွက်တွင် ရောင်းချနေသည့်ကုန်ပစ္စည်းများကို အရည်အသွေးစစ်ဆေးမည့်အဖွဲ့ ဖွဲ့စည်းရန်စီစဉ်

ရန်ကုန် အောက်တိုဘာ ၈

အွန်လိုင်းဈေးကွက်တွင် ရောင်းချနေသည့် အလှကုန်၊ ဆေးဝါးအမျိုးမျိုးနှင့် လူသုံးကုန်အမျိုးမျိုးတွင် အန္တရာယ်ဖြစ်စေနိုင်သည့် အလှကုန်နှင့် ဆေးဝါးများကို အတုများပြုလုပ်ကာ ရောင်းချနေခြင်းတွေ့ရှိရသဖြင့် Online Team ဖွဲ့စည်းကာ စောင့်ကြည့်စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း FDA တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"အွန်လိုင်းကနေ ပစ္စည်းမှာယူတာတွေက အတော်လေးကို တွင်ကျယ်လာတယ်။ အဲဒီမှာ ကုန်ပစ္စည်းတွေအရည်အသွေးပြည့်မီတာတွေလည်းရှိပြီး အတုပြုလုပ်ရောင်းချနေတာတွေလည်းရှိတာကြောင့် ပြည်သူတွေအနေနဲ့ ဆိုးကျိုးတွေရရှိသွားမှာစိုးရိမ်လို့ အဖွဲ့တစ်ခုဖွဲ့စည်းပြီး စစ်ဆေးအရေးယူသွားမှာပါ" ဟု ၎င်းကပြောသည်။

FDA အနေဖြင့် ပြည်တွင်းပြည်ပမှ ထုတ်လုပ်တင်သွင်းမည့် အစားအစာနှင့် လူသုံးကုန်များကို စစ်ဆေးပြီး ထောက်ခံချက်ပေးရခြင်းဖြစ်သော်လည်း အရည်အသွေးပြည့်မီခြင်းမရှိသည့်ပစ္စည်းများကို လာရောက်ထောက်ခံချက်မယူဘဲ အွန်လိုင်းမှတစ်ဆင့် ရောင်းဝယ်နေကြခြင်းကြောင့် အန္တရာယ်များမဖြစ်ပေါ်စေရန် Online Team တစ်ခု ဖွဲ့စည်းရခြင်းဖြစ်ကြောင်း သိရသည်။

အွန်လိုင်းဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်သူများတွင် မှန်ကန်စွာရောင်းချသူများရှိသော်လည်း ကုန်ပစ္စည်းအတုများကို ပုံမှားရိုက်ကာရောင်းချသူများလည်း ရှိကြောင်း သိရသည်။

**သီရိ**

## ကျားများသတ်ဖြတ်ခံနေရခြင်းနှင့် အစိတ်အပိုင်းများ တရားမဝင်ရောင်းဝယ်မှု ပြဿနာများ ဖြေရှင်းရမည့်နိုင်ငံများ၌ မြန်မာနိုင်ငံပါဝင်

ရန်ကုန် အောက်တိုဘာ ၈

ကျားများသတ်ဖြတ်ခံနေရခြင်းနှင့် အစိတ်အပိုင်းများ တရားမဝင်ရောင်းဝယ်မှု ပြဿနာများကို အဓိကထားဖြေရှင်းရမည့် နိုင်ငံများ၌ မြန်မာနိုင်ငံလည်း ပါဝင်နေကြောင်း တောရိုင်းတိရစ္ဆာန်နှင့် သဘာဝသစ်တောထွက်အရင်းအမြစ်များ ကုန်သန်းရောင်းဝယ်မှုစောင့်ကြည့်ရေးအဖွဲ့ (TRAFFIC) က သတင်းထုတ်ပြန်သည်။

ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ (WWF) နှင့် (TRAFFIC) တို့၏လေ့လာမှုများအရ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်မြို့နှင့် မြန်မာ-တရုတ်နယ်စပ်ရှိ မိုင်းလားမြို့တို့၌ ကျားနှင့် ကျားသစ်ထွက်အစိတ်အပိုင်းများသည် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံတို့မှ ရရှိခြင်းဖြစ်ကြောင်း သိရသည်။



တောင်အာဖရိက၌ ကျင်းပခဲ့သော ကမ္ဘာ့သားငှက်နှင့် အပင်များကုန်သွယ်မှုဆိုင်ရာအစည်းအဝေး၌ ကျားများတရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ အရေးတကြီးမဆွေးနွေးမီ TRAFFIC အဖွဲ့က ထုတ်ပြန်လိုက်သည့်အစီရင်ခံစာတွင် ၂၀၀၀ ပြည့်နှစ်မှ ယခုအချိန်ထိ အာရှတစ်လွှား၌ ကျားနှင့် ကျားသစ်ထွက် အစိတ်အပိုင်းပစ္စည်းများ သိမ်းဆည်းရမိမှု ၈၀၁ ခုရှိခဲ့ကြောင်း သိရသည်။

အဆိုပါအစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း ဖမ်းဆီးရမိမှုမှတ်တမ်းမှာ သုံးကြိမ်သာရှိသော်လည်း ဥပဒေစိုးမိုးမှုအားနည်းခြင်းနှင့် ထိန်းချုပ်မှုဧရိယာပြင်ပ၌ အများဆုံးရှိနေသည့် အထိန်းအကွပ်မဲ့လွတ်လပ်နေသောဈေးကွက်များ ရှိနေခြင်းတို့ကြောင့် အဓိကထားဖြေရှင်းရမည့်နိုင်ငံအဖြစ် ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

ကမ္ဘာပေါ်၌ ခန့်မှန်းကျားကောင်ရေ ၃၉၀၀ သာကျန်ရှိတော့ချိန်တွင် သိမ်းဆည်းရမိသော ကျားနှင့်ကျားသစ်ထွက်အစိတ်အပိုင်းများသည် ဖမ်းဆီးမွေးမြူထားသောလုပ်ငန်းများမှ ထွက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

**(၅၇)**

## ကုန်စည်ဒိုင်များမှ သီးနှံမျိုးစုံကို ကြိုရောင်းကြိုဝယ် ကိစ္စများအတွက် မြန်မာနိုင်ငံသားများဘဏ်၌ အာမခံထားနိုင်

ရန်ကုန် အောက်တိုဘာ ၈

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုန်စည်ဒိုင်များမှ သီးနှံမျိုးစုံကို ကြိုရောင်းကြိုဝယ်ကိစ္စရပ်များအတွက် ရောင်းသူက ၁၀ ရာခိုင်နှုန်း၊ ဝယ်သူက ၁၀ ရာခိုင်နှုန်းကို မြန်မာနိုင်ငံသားများဘဏ်၌ အာမခံထားခြင်းဖြင့် ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်လာမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ကုန်စည်ဒိုင်များ၌ လက်ရှိကြိုရောင်းကြိုဝယ်ပြုလုပ်ရာတွင် အရောင်းအဝယ်စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ပေးထားသည်။ သို့သော် ကြိုရောင်းကြိုဝယ်ပြုလုပ်ရာတွင် မိမိနိုင်နင်းသည့် အတိုင်းအတာပမာဏထက် ပိုမိုများပြားစွာပြုလုပ်သဖြင့် အဆင်မပြေမှုများနှင့် ပြဿနာများဖြစ်ပေါ်ခဲ့သောကြောင့် ယင်းနည်းစနစ်ကိုကျင့်သုံးပါက မြန်ဆန်လွယ်ကူလာမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ၌ လက်ကားကုန်စည်ဒိုင်နှင့် ကုန်စည်ဒိုင်ကြီးဟူ၍ နှစ်မျိုးရှိပြီး ကုန်စည်ဒိုင်ကြီး၌ လက်ငင်းဈေးကွက်နှင့် ကြိုရောင်းကြိုဝယ်ဈေးကွက်ဟူ၍ နှစ်မျိုးဖြင့် အရောင်းအဝယ်ပြုလုပ်ကြကြောင်း၊ ရောင်းချလိုသောကုန်စည်များကို နမူနာခင်းကျင်းပြသထားခြင်း၊ ရောင်းသူနှင့် ဝယ်သူနှစ်ဦးနှစ်ဖက် ချိတ်ဆက်ပေးသော ကြားခံအဖွဲ့အစည်း သို့မဟုတ် ပွဲစားဖြင့် ရောင်းဝယ်ခြင်း၊ ရောင်းသူ၊ ဝယ်သူများအား ကုန်စည်ဒိုင်၊ သိုလှောင်ရုံများ၌ အခကြေးငွေဖြင့် ငှားရမ်းခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်ဝင်းအတွင်းရှိ မြန်မာနိုင်ငံသားများဘဏ်၌ ပထမဆုံးကုန်စည်ဒိုင်အသင်းသား တစ်ဦးချင်းစီက Account ဖွင့်ထားရမည်ဖြစ်ကြောင်း၊ အာမခံစနစ်ဖြင့် အရောင်းအဝယ်ပြုမည်ဆိုပါက ရောင်းသူက ၁၀ ရာခိုင်နှုန်း၊ ဝယ်သူက ၁၀ ရာခိုင်နှုန်း ဘဏ်၌ ငွေသွင်းရကြောင်း၊ ငွေသွင်းချလန်ကို ရောင်းသူအား ရောင်းသူ Code နံပါတ်ဖြင့်လည်းကောင်း၊ ဝယ်သူအား ဝယ်သူ Code နံပါတ်ဖြင့်လည်းကောင်း ဘဏ်က ထုတ်ပေးကြောင်း သိရသည်။

**စာထီ**

# ရန်ကုန်တိုင်းဒေသကြီးအဆင့် အဆို အက အရေး အတီးပြိုင်ပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်က တံခွန်စိုက်ဆုဆွတ်ခူး




ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်းဒေသကြီးအဆင့် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်က တံခွန်စိုက်ဆုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီးအဆင့်တွင် အဆို၊ အက၊ အရေး၊ အတီး ပင်မအနုပညာလေးမျိုးကို အခြေခံ၍ ခရိုင်လေးခုမှ အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင်အနေဖြင့် ရွှေ ၃၆ ခု၊ ငွေ ၁၄ ခု၊ ကြေး ၁၁ ခု စုစုပေါင်း ဆုတံဆိပ် ၆၁ ခုဖြင့် တံခွန်စိုက်ဒိုင်းအား ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအဆင့် ပထမရရှိသော ရန်ကုန်အရှေ့ပိုင်းခရိုင်အား ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သဘင်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တံခွန်စိုက်ဆုပေးအပ်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးကလက်ခံရယူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်နိုင်ရေးအလံအား ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းဒေသကြီးကိုယ်စားပြုအဖြစ် ဗဟိုအဆင့်တွင် သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး ဦးကျော်သူရထံ အပ်နှင်းသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအဆင့် ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မျိုး(ဧရာဝတီ)**

# အမေရိကန်နိုင်ငံက နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အားကောင်းလာစေရန် နိုင်ငံရပ်ခြားလယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုဌာနဖွင့်လှစ်ပြီး လုပ်ငန်းများစတင်

ရန်ကုန် အောက်တိုဘာ ၈

အမေရိကန်နိုင်ငံအနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအားကောင်းလာစေရန် နိုင်ငံရပ်ခြားလယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုဌာန ဖွင့်လှစ်ခဲ့ပြီး ယခုအခါ လုပ်ငန်းများစတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း နိုင်ငံရပ်ခြားလယ်ယာစိုက်ပျိုးရေးဆိုင်ရာဝန်ဆောင်မှုဌာန အုပ်ချုပ်ရေးမှူး ဖီးလ်ကာစတင်ထံမှ သိရသည်။

အဆိုပါ နိုင်ငံရပ်ခြားလယ်ယာစိုက်ပျိုးရေးဆိုင်ရာဝန်ဆောင်မှုဌာနကို ရန်ကုန်မြို့၌ဖွင့်လှစ်ထားပြီး ဝန်ဆောင်မှုများကို လုပ်ဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း အဆိုပါဌာနဖွင့်လှစ်ရခြင်းသည် အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရေး၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကဏ္ဍများတွင် ပိုမိုပူးပေါင်းပါဝင်နိုင်ရေးနှင့် မြန်မာနိုင်ငံအတွင်း ပြည်သူများ လက်တွေ့ခံစားနိုင်မည့် စီးပွားရေးအကျိုးရလဒ်များဆောင်ကြဉ်းပေးနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေမည့် စီးပွားရေးဖွံ့ဖြိုးမှုကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဝန်ဆောင်မှုဌာနအနေဖြင့် နိုင်ငံတကာဈေးကွက်များ တည်ဆောက်ခြင်း၊ အမေရိကန်အစားအစာနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ခြင်းတို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ယင်းနိုင်ငံများ၏ အစားအစာနှင့် လယ်ယာစိုက်ပျိုးရေးစနစ်ကောင်းမွန်လာစေရေး၊ အနာဂတ်ကုန်သွယ်ရေးအခွင့်အလမ်းများအတွက် အခြေခံအုတ်မြစ်တစ်ခု ချမှတ်တည်ဆောက်ပေးရေးတို့တွင် ဦးဆောင်လုပ်ဆောင်ပေးနေကြောင်း သိရသည်။

ထိုသို့လုပ်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်မှုလျင်မြန်လာစေပြီး တောင်သူလယ်သမားများအတွက် ပိုမိုအကျိုးရှိလာစေမည်ဖြစ်သည်။

ရန်ကုန်မြို့၌ဖွင့်လှစ်ခဲ့သည့် နိုင်ငံရပ်ခြားလယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုဌာနသည် လက်ရှိတွင် ကမ္ဘာတစ်ဝန်းရှိ အမေရိကန်သံရုံးများနှင့် သံတမန်အဖွဲ့အစည်းများ၌ ရုံးခန်းပေါင်း ၉၄ ခုအထိ ဖွင့်လှစ်ထားကြောင်း၊ ယင်းရုံးခန်းများမှ နိုင်ငံပေါင်း ၁၇၁ နိုင်ငံနှင့် ချိတ်ဆက်ကာ ကွန်ရက်များဖွဲ့စည်းထားကြောင်း သိရသည်။

**စိုးမိုး**

# Yangon Book Palaza ဇန်နဝါရီလတွင် ဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၈

စာပေချစ်သူများထံသို့ စာပေတိုက်အသီးသီးမှ စာအုပ်အမျိုးမျိုးကို တိုက်ရိုက်ရောင်းချပေးမည့် Yangon Book Palaza အား ဇန်နဝါရီလတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ငါတို့စာပေစာအုပ်တိုက်မှ သိရသည်။

အဆိုပါပလာဇာကို ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ ဖွင့်လှစ်သွားရန် စီစဉ်နေပြီး ယင်းပလာဇာကို ထုတ်ဝေသူများနှင့် ဝယ်ယူသူများ နှစ်ဦးနှစ်ဖက်အကျိုးရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"ပလာဇာကို လာမယ့်နှစ် ဇန်နဝါရီလမှာ ဖွင့်လှစ်သွားပါမယ်။ အဲဒီမှာ ထုတ်ဝေသူတွေက စာအုပ်အမျိုးမျိုးကို တိုက်ရိုက်ရောင်းသွားမှာပါ"ဟု ငါတို့စာပေစာအုပ်တိုက်မှ ဦးစန်းမွန်အောင်ကပြောသည်။

ယင်းပလာဇာ၌ ပြည်တွင်းထုတ်ဝေသူများ၏ စာအုပ်ဆိုင်များ၊ စာအုပ်အဟောင်းဆိုင်များ၊ စာအုပ်တိုက်ရုံးခန်းနှင့် ကော်ဖီဆိုင်များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်းစာရေးဆရာကြီးများ၏ အထိမ်းအမှတ်နေရာများ၊ စာအုပ်မိတ်ဆက်ပွဲများကျင်းပရန် နေရာနှင့်နိုင်ငံတကာစာအုပ်ဆိုင်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**နေနေ**

# ဆင်ဆာမီးပွိုင့်များနှင့် ထိန်းချုပ်မှုစင်တာတည်ဆောက်မှု အောက်တိုဘာလကုန်တွင် အပြီးသတ်ရန်သတ်မှတ်

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်မြို့ရှိ မီးပွိုင့်များကို ဆင်ဆာမီးပွိုင့်များဖြင့် အစားထိုးခြင်းနှင့် ယင်းမီးပွိုင့်များကို ထိန်းချုပ်ရန်ဆောက်လုပ်နေသည့် ထိန်းချုပ်မှုစင်တာမှာ သတ်မှတ်ပေးထားသည့်အချိန်တွင် မပြီးစီးသောကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မြန်မာရွှေယင်းကုမ္ပဏီအား ဒဏ်ကြေးဆောင်စေကာ ဆက်လက်အကောင်အထည်ဖော်ရန် အောက်တိုဘာလနောက်ဆုံးပတ်တွင် အပြီးသတ်ပြီးစီးနိုင်ရေးကို သတ်မှတ်ပေးလိုက်ကြောင်း သိရသည်။

ယင်းကုမ္ပဏီသည် တည်ဆောက်မှုနှင့် တပ်ဆင်မှုကို ဩဂုတ် ၂ ရက်တွင် ပြီးစီးရမည်ဖြစ်သော်လည်း မပြီးစီးခဲ့၍ တစ်ရက်လျှင် ငွေကျပ်တစ်သိန်းနှုန်း ဒဏ်ကြေးပေးဆောင်နေရပြီး အောက်တိုဘာလကုန်တွင် လုပ်ငန်းများပြီးစီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆင်ဆာမီးပွိုင့်များတပ်ဆင်မှုကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးပွိုင့်ဟောင်း ၁၅၄ ခု၌ အစားထိုးလဲလှယ်တပ်ဆင်သွားမည်ဖြစ်သည့်အပြင် ယာဉ်ကြောပိတ်ဆို့မှုများကို တစ်နေရာတည်း၌ နည်းပညာသုံးကာဖြေရှင်းနိုင်ရန် ထိန်းချုပ်မှုစင်တာတည်ဆောက်ကာ တရုတ်နိုင်ငံရှိ နည်းပညာရှင်များ၏အကူအညီကိုရယူထားကြောင်း သိရသည်။

အသစ်တပ်ဆင်လိုက်သည့် မီးပွိုင့်များ၌ ထိန်းချုပ်မှုနှင့်ဆက်စပ်ပြီး အသံဖြင့်သတိပေးသည့်စနစ်နှင့် လျှပ်စစ်ဓာတ်အားသိုလှောင်သည့်စနစ်များပါဝင်ခြင်းကြောင့် လျှပ်စစ်မီးပြတ်တောက်ပါကလည်း သိုလှောင်သည့်စနစ်ဖြင့် အလုပ်လုပ်ခြင်းအပါအဝင် မှတ်တမ်းယူထားမည့် လုံခြုံရေးကင်မရာများကြောင့် ယာဉ်မတော်တဆမှုများနှင့် ယာဉ်ကြောပိတ်ဆို့မှုများ သိသိသာသာလျော့နည်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သီရိ**



www.facebook.com/themyawadydaily



# ရေနွေးညသိပ် အဆိပ်ထက်ပြင်း

**ကြည်လွင်မြင့်(မုဒြာ)**

စာရေးသူထံသို့ နယ်မြို့မှ စာဖတ်ပရိသတ်တစ်ဦးက သူ့ကျန်းမာရေးနှင့်ပတ်သက်ပြီး မေးမြန်းချက်တစ်ခုကို ပြန်လည်ဖြေကြားပေးရာမှ သတင်းစာဖတ်ရှုသူများပါ သိသင့်သိထိုက်သောအကြောင်းအရာဖြစ်သဖြင့် ဆောင်းပါးအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။

"ဆရာခင်ဗျား။ လွန်ခဲ့သောရက်ပိုင်းက ကျွန်တော်၏ မိတ်ဆွေတစ်ဦးအိမ်သို့ စာပေဟောပြောပွဲကိစ္စ တိုင်ပင်ဆွေးနွေးရန်သွားပါတယ်။ ထုံးစံအတိုင်း ဧည့်သည်လာလျှင် အိမ်ရှင်က စားသောက်စရာတစ်ခုခုဖြင့် ဧည့်ခံပါတယ်။ အိမ်ရှင်၏သမီးငယ်က ကော်ဖီမစ်ဖျော်တိုက်တယ်။ ဖြစ်ပုံမှာ ကော်ဖီမစ်ဖျော်သောအခါ ဓာတ်ဘူးထဲမှရေနွေးမှာ လွန်ခဲ့သောညက ထည့်ထားသောရေနွေးဖြစ်သဖြင့် သိပ်မပူတော့ပါ။ ကော်ဖီမစ်မပျော်ပါ။ ထို့ကြောင့် ဖျော်ပြီးကော်ဖီကို မတ်ခွက်တွင် ထည့်ပြီး လျှပ်စစ်မီးဖိုဖြင့် ပြန်အပူပေးသည်။ ကော်ဖီတစ်ဝက်ခန့် ခန်းသွားသည်။ ထိုကော်ဖီမစ်သောက်လာပြီး အိမ်ပြန်ရောက်ပြီး ညတစ်နာရီခန့်မှာ ထပြီးအန်ပါတယ်။ စားထားသမျှအစာမှန်သမျှ အကုန်အန်သွားတယ်။ တော်တော်လေးအန်ပြီး မောသွားမှ ညအိပ်ပျော်သွားပါတယ်။ မနက်ထတော့ နေကောင်းသော်လည်း အစားချင်စိတ်မရှိ၊ နုံးနေပါတယ်။ ကော်ဖီမစ်ကြောင့်ဖြစ်တာလား။ ဓာတ်ဘူးထဲက ရေနွေးကို ပြန်နွေးသောက်လို့ဖြစ်တာလား သိချင်ပါတယ်ဆရာ"လို့ စာရေးပြီး မေးမြန်းလာပါတယ်။

စာရေးသူဟာ သတင်းစာ၊ ဂျာနယ်များမှာ တိုင်းရင်းဆေးပညာရှုထောင့်မှ ကျန်းမာရေးဆောင်းပါးများ ရေးသားခဲ့တာ ၁၉၉၂ ခုနှစ်မှ ယနေ့အထိ အနှစ် ၂၀ ရှိခဲ့ပါပြီ။ မှတ်မိသမျှ ကျန်းမာရေးဆောင်းပါးအပုဒ်ရေ ၁၀၀ ခန့် ရေးသားခဲ့တယ်ထင်ပါတယ်။

တိုင်းရင်းဆေးပညာ သို့မဟုတ် ရိုးရာဆေးပညာ အယူအဆရှုထောင့်များမှာ အနောက်တိုင်းဆေးပညာနဲ့ ကွာခြားချက်များ ရှိပါတယ်။ တူညီတဲ့အချက်များရှိသလို ကွဲလွဲတဲ့အချက်များလည်း ရှိပါတယ်။ အထူးသဖြင့် လေ(ဝါယော)နဲ့ ပတ်သက်တဲ့ အယူအဆတွေမှာ အနောက်တိုင်းဆေးပညာနဲ့ မမြင်နိုင်တဲ့ထူးခြားမှုတွေ အများကြီးရှိပါတယ်။

အနောက်တိုင်းဆေးပညာရဲ့ ခန္ဓာဗေဒ(Anatomy)ကို ယခုခေတ်မီတိုင်းရင်းဆေးပညာသင်တန်းတွေမှာ သင်ကြားရပါတယ်။ ရှေးတုန်းက မြန်မာဆေးဆရာတွေမှာ ခန္ဓာဗေဒ မကျွမ်းကျင်လို့ အသည်းဘယ်နေရာမှာ ရှိမှန်းမသိ၊ အဆုတ်ဘယ်နေရာမှာ ရှိမှန်းမသိ၊ ပန်ကရိယဆိုတာ ဘာမှန်းမသိ၊ ကျောက်ကပ်နှစ်ခု ဘယ်နေရာမှာ ရှိမှန်းမသိ။ အူအတက်ဘယ်နေရာမှာ ရှိမှန်းမသိ ဖြစ်ခဲ့ကြပေမယ့် စနစ်တကျတိုင်းရင်းဆေးသိပ္ပံ၊ တက္ကသိုလ်တွေ ဖွင့်လှစ်သင်ကြားပေးတဲ့အခါမှာတော့ မသိတာမရှိတော့ပါဘူး။

ဒါပေမဲ့ တိုင်းရင်းဆေးပညာ ခန္ဓာဗေဒမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသခေါ်တဲ့ ပဉ္စဘုတ်နဲ့ ဖွဲ့စည်းထားတဲ့ကိုယ်ခန္ဓာ သုံးဆယ့်နှစ်ကောဋ္ဌာသမှာ လှည့်လည်နေတဲ့ လေမျိုးရှစ်ဆယ်၊ ခန္ဓာကိုယ်အနှံ့အပြားမှာ သွားလာလှုပ်ရှား၊ တွန်းကန်၊ ထောက်ပံ့နေတဲ့ လေအမျိုးမျိုးကို အနောက်တိုင်းဆေးပညာရှင်များ မြင်ရအောင် ဓာတ်မှန်ရိုက်မပြနိုင်ပါဘူး။

တိုင်းရင်းဆေးပညာဟာ အပင်၊ အသီး၊ အရွက်၊ အခေါက်တွေကို အမှုန့်ပြုပြီး ဆေးဖော်တဲ့ ပညာသက်သက် မဟုတ်ပါဘူး။ ဆေးတစ်ခွက်မှမပေးဘဲ အယူအဆအမှား၊ အနေအထိုင် အစားအသောက်အမှားကြောင့် ရောဂါမဖြစ်ရအောင် ညွှန်ပြကာကွယ်ပေးနိုင်တဲ့ပညာဖြစ်ပါတယ်။ ကာကွယ်ခြင်းဟာ ကုသခြင်းထက် ထိရောက်တယ်မဟုတ်ပါလား။

အထက်ပါစာရေးဆရာ၏မေးမြန်းချက်ကို တိုင်းရင်းဆေးပညာရှုထောင့်မှ စာရေးသူ၏အမြင်ကို ရေးသားတင်ပြဖြေကြားလိုပါတယ်။

ဖြစ်စဉ်ကို လေ့လာကြည့်တဲ့အခါ-

- မိတ်ဆွေအိမ်က ကော်ဖီမစ်နဲ့ ဧည့်ခံတယ်။
- ကော်ဖီမစ်ကို ဓာတ်ဘူးထဲက ရေနွေးနဲ့ဖျော်တယ်။
- ဓာတ်ဘူးထဲကရေနွေးက အေးနေလို့ ကော်ဖီမစ်မပျော်ဘူး။
- ကော်ဖီမစ်ဖျော်ထားတဲ့ ခွက်ကို လျှပ်စစ်မီးဖိုနဲ့ ထပ်အပူပေးတယ်။
- အပူပေးလွန်ပြီး ကော်ဖီမစ်တစ်ဝက် ခန်းသွားတယ်။
- ညနေခြောက်နာရီကသောက်ပြီး ပြန်လာခဲ့တယ်။ ည တစ်နာရီခွဲခန့်မှာ ထအန်တယ်။ ဗိုက်ထဲရှိသမျှ အစာအကုန်အန်ထွက်သွားတယ်။
- နောက်နေ့မှာ မိတ်ဆွေကို ပြောပြတော့ သောက်သွားတဲ့ ကော်ဖီမစ်ကြောင့်ဖြစ်တယ်ထင်တယ်လို့ ယူဆပါတယ်။ အဲဒီအထင် မှန်၊ မမှန်ထင်မြင်ချက်တောင်းတယ်လို့ ယူဆပါတယ်။

(၁)ကော်ဖီမစ်အကြောင်း ပြောလိုပါတယ်။

ကော်ဖီဆိုတာ အတော်အသင့် သောက်ရင် ကောင်းကျိုးတွေရှိလို့ တစ်ကမ္ဘာလုံးက လက်ခံထားပါတယ်။ ဒါပေမဲ့ ကော်ဖီမစ်ကတော့ တစ်ကမ္ဘာလုံး လက်ခံတဲ့အနေအထားမှာ မရှိပါဘူး။ ဓာတုဗေဒပစ္စည်းတွေ ရောနှောပါဝင်တာ သေချာပါတယ်။

ဒီနှစ် မတ်လထုတ် ဇီဝကကျန်းမာရေးမဂ္ဂဇင်းမှာကို ဆရာကြီး ဒေါက်တာခင်မောင်ဝင်း(အသည်းအထူးကုဆရာဝန်ကြီး)က ဆွေးနွေးခန်းမှာ-

"Chemical Dye လို့ ခေါ်တဲ့ ဓာတုဗေဒဆိုးဆေးတွေ အများကြီး သုံးနေကြတယ်။ ကော်ဖီမစ်တွေမှာ ကော်ဖီပါချင်မှပါမှာ။ ကျွန်တော့်တပည့်တွေဆိုရင် ကော်ဖီမစ်သောက်ပြီး ရင်တွေဘာတွေတုန်လို့၊ ကော်ဖီပါရင် ဘယ်လိုလုပ် မြန်မာငွေကျပ် ၅၀ နဲ့ ရောင်းနိုင်မှာလဲ။ ကြိုက်တဲ့၊ လိုချင်တဲ့ အနံ့ကို လန်ဒန်မှာ ကုမ္ပဏီတစ်ခုရှိတယ်။ ဗိုလိုက်လို့ တစ်လကြာရင် လိုချင်တဲ့ပုံစံရလာတယ်။ အဲဒီတော့ အစားအစာတွေ၊ ဖျော်ရည်တွေ၊ လက်ဖက်တွေအားလုံး ဆိုးဆေးတွေချည်းပဲဖြစ်လို့ အစားအသောက်သန့်ရှင်းမှု (Food Hygiene)နဲ့ ပတ်သက်လို့ ကျွန်တော်တို့တွေ အများကြီးပြုပြင်ဖို့လိုပါသေးတယ်လို့ ပြောချင်ပါတယ်" ဒါက ဆရာကြီး ဦးခင်မောင်ဝင်းရဲ့ ဟောပြောချက်ပါ။

> "ခေတ်ပေါ်ဓာတ်ဘူးမှာ ရေနွေးကို လှောင်ထားတဲ့အခါ အတွင်းကတေဇောဓာတ်ရှိနေသမျှ ရေနွေးဖြစ်နေပါတယ်။ ဓာတ်ဘူးထဲမှာ အချိန်ကြာတော့ တေဇောဓာတ် ပျက်သွားပါတယ်။ ဒီရေနွေးအအေးကိုမသောက်သင့်ပါဘူး။ လှောင်ပြီး ဓာတ်ပျက်သွားတဲ့ရေနွေးပျက်ဖြစ်သွားတဲ့အတွက် သောက်ရင် အစာအိမ်ကို ဒုက္ခပေးပြီး လေကိုအန်စေနိုင်ပါတယ်။"

(၂) ကျွန်တော့်ရဲ့တိုင်းရင်းဆေးပညာရှုထောင့်အမြင်ကတော့ ကော်ဖီမစ်ကိုဖျော်တဲ့ ရေနွေးအကြောင်း ပြောချင်ပါတယ်။

ရေကို အနောက်တိုင်းကတော့ $H_2O$ ပဲ သိကြပါတယ်။ တိုင်းရင်းဆေးမှာတော့ ရေအမျိုးမျိုးရှိပါတယ်။ ရေအေး၊ ရေနွေး၊ သောက်တော်ရေ၊ ပရိတ်ရေ၊ မိုးရေ၊ မိုးခါးရေ၊ မြစ်ရေ၊ ချောင်းရေ၊ တွင်းရေ၊ တောင်ကျရေ၊ ဖက်ဆွတ်ရေ၊ ကျောက်တွင်းရေ၊ အင်းအိုင်ရေ၊ ကန်ရေ၊ ကျုံးရေ၊ ရေထွက်ချောင်းရေ၊ စိမ့်စမ်းရေ၊ သဲတွင်းရေ၊ လယ်ကွက်ရေ၊ ကျောက်စက်ရေ၊ ရေနီ၊ ရေပြာ၊ ရေဝါ၊ ရေသော၊ ရေရှင်စသည်ဖြင့် ရေအမျိုးမျိုး၊ ဂုဏ်သတ္တိအမျိုးမျိုးရှိပါတယ်။ ဒီရေတွေကြောင့် ကျန်းမာတာ၊ မကျန်းမာတာတွေ ဖြစ်နိုင်ပါတယ်။

ရေကို မီးနဲ့အပူပေးလိုက်တဲ့အခါ ပွက်ပွက်ဆူသွားရင် ရေနွေးလို့ခေါ်ပါတယ်။ ဒီရေထဲမှာ ဥဏှတေဇောဓာတ်ရှိနေတယ်။ ဒီဓာတ်က ဝမ်းမီးတောက်ပြီး အစာကြေစေတဲ့ဓာတ်ပါ။

အဲဒီရေနွေးက အအေးခံထားရင် ရေကျက်အေးဖြစ်သွားပါတယ်။ ပိုးမွှားကင်းစင်ပြီး ဝမ်းကိုထိန်းပါတယ်။ ဝမ်းပျက်၊ ဝမ်းလျှောခြင်းကို ကာကွယ်ပါတယ်။

ဒါပေမဲ့ ခေတ်ပေါ်ဓာတ်ဘူးမှာ ရေနွေးကို လှောင်ထားတဲ့အခါ အတွင်းကတေဇောဓာတ်ရှိနေသမျှ ရေနွေးဖြစ်နေပါတယ်။ ဓာတ်ဘူးထဲမှာ အချိန်ကြာတော့ တေဇောဓာတ် ပျက်သွားပါတယ်။ ဒီရေနွေးအအေးကို မသောက်သင့်ပါဘူး။ လှောင်ပြီး ဓာတ်ပျက်သွားတဲ့ ရေနွေးပျက်ဖြစ်သွားတဲ့အတွက် သောက်ရင် အစာအိမ်ကို ဒုက္ခပေးပြီး လေကိုအန်စေနိုင်ပါတယ်။ ဓာတ်ဘူးထဲမှာ အေးနေတဲ့ ရေနွေးပျက်ကို သောက်ရင် အန်တတ်ပါတယ်။ ပြန်နွေးသောက်ရင် ပိုဆိုးပါတယ်။ ဓာတ်ပျက်ပြီးသားရေနွေးကို အပူပြန်ပေးရင် တေဇောလွန်၊ ဝါယောပျက်ပြီး သောက်သုံးသူကို အဆိပ်ဖြစ်စေနိုင်ပါတယ်။

တချို့လူတွေ ဓာတ်ဘူးထဲမှာ လက်ဖက်ခြောက်ခတ်ထားပြီးသား ရေနွေးကို ညအိပ်ထားပြီးနောက် အမှတ်မထင် သောက်မိတတ်ပါတယ်။ "ရေနွေးညသိပ်၊ အဆိပ်ထက်ပြင်း"လို့ သိမ်ဖြူဆရာတော်ကြီးက အာယုဗ္ဗေဒသင်ခန်းစာမှာ ပြောဖူးပါတယ်။ အစာအိမ်ထဲမှာ အဆိပ်ဖြစ်ပြီး အော့အန်ခြင်းဖြစ်စေနိုင်ပါတယ်။ ရေနွေးကို ဓာတ်ဘူးနဲ့ထည့်သောက်သူများ သတိထားစေချင်ပါတယ်။ တခြားသတိထားမိတဲ့ အချက်တစ်ခုကတော့ ဓာတ်ဘူးအတွင်းမှာ သုတ်လိမ်းထားတဲ့ပြဒါးတွေဟာ ကြာရင်ပျက်ပြီး ကွက်မည်းလာတာ တွေ့ရပါတယ်။ ကွာတ်ထွက်သွားတဲ့ ပြဒါးအမှုန့်အစတွေဟာ ရေထဲမှာပါသွားပြီး သောက်သုံးသူရဲ့အစာအိမ်ထဲ ရောက်သွားရင် ပြဒါးဆိပ်သင့်နိုင်ပါတယ်။ ရေကျက်အေးနဲ့ ပတ်သက်လို့ ရှေးကဆေးကျမ်းတွေမှာ အထောက်အထားနဲ့ ရှာကြည့်တဲ့အခါ ယောအတွင်းဝန်ဦးဘိုးလှိုင်ရဲ့ နာမည်ကြီးထင်ရှားတဲ့ ဥတုဘောဇနသင်္ဂဟကျမ်းမှာ တွေ့ရတာက-

ရေကျက်အေး။ ။ဥတုအားလျော်စွာ ချက်အပ်ပြီးသော ရေနွေးကို အေးစေပြီးမှ သောက်အပ်သော အနာတို့ကား ကိုယ်ပူသောအနာ၊ ဝမ်းပျက်နာ၊ သည်းခြေနာ၊ သွေးနာ၊ မူးဝေသောအနာ၊ သေအရက်ယစ်ခြင်း၊ အဆိပ်သင့်ခြင်းတို့ကိုလည်းကောင်း၊ ဆီးချုပ်သောမုတ္တကိတ်နာ၊ ပဏ္ဍုနာ၊ ရေငတ်သောအနာ၊ အော့အန်သောအနာ၊ မောပန်းသောအနာ၊ သေအရက်တို့ကို သောက်အားကြီးသောကြောင့် ဖြစ်သောအနာ၊ သိန္နိပါတ်အနာတို့ကိုလည်းကောင်း ဤအနာတို့၌ ရေကျက်အေးသည်သင့်၏။

ချက်ပြီး၍ အလိုအလျောက် အေးသောရေကျက်အေးသည် ဒေါသသုံးပါးလုံးကို နိုင်၏။ အေး၏။ အဆိဩဇာမရှိ။ သွေးလေအရသာကြောတို့ကို မလေးလံစေတတ်၊ နွမ်းနယ်ခြင်း၊ ရေငတ်ခြင်း။ အဖျားတို့ကိုနိုင်၏။ ကြေလွယ်၏။ ပေါ့၏။ ရေကျက်အေးဟူသည်လည်း နေ့၌ချက်သောရေကို နေ့၌သာ သောက်ကောင်းသည်။ ညဉ့်၌ချက်သောရေကို ညဉ့်၌သာ သောက်ကောင်းသည်။ နေ့၌ချက်သောရေကို ညဉ့်၊ ညဉ့်၌ချက်သောရေကို နေ့ ဤကဲ့သို့အေးအောင်ထား၍ သောက်လျှင် ထိုရေ၌ တေဇောဓာတ်ညံ့သောကြောင့် ကြေခဲ၏။ ဝမ်းမီးကို ချက်၍ ကျက်လျှင်ချဉ်၏။ ဝမ်းချုပ်၏။ ဒေါသသုံးပါးလုံးကို ပျက်စေတတ်၏။ ရောဂါခပ်သိမ်းတို့၌ပင် မသင့်။ ရေကျက်အေးကို တစ်ဖန်ရေနွေးလုပ်၍သောက်လျှင် မသင့်။ အဆိပ်နှင့်အတူဖြစ်၏။ ညဉ့်၌ကား ရေနွေးသောက်ခြင်းသည် များစွာအကျိုးရှိ၏။

ညဉ့်၌သောက်ရန် ရေနွေးချက်ပုံကား ရေစိမ်းနံ့ပျောက်၍ ကျက်ရုံ၊ ထက်ဝက်ကြွင်း၊ လေးပုံတစ်ပုံကြွင်း၊ ရှစ်ပုံတစ်ပုံကြွင်းတို့တွင် တစ်မျိုးမျိုးချက်၍ သောက်ရာ၏။ ညဉ့်ကို ရေနွေးချက်၍ သောက်ခြင်းသည် သလိပ်နာ၊ လေနာ၊ အစာမကြေသော အနာ၊ အဆီခဲသော အနာတို့ကိုနိုင်၏။ ဝမ်းမီးကို တောက်စေတတ်၏။ ဆီးကိုရှင်စေတတ်၏။ ချောင်းဆိုးနာ၊ ပန်းနာ၊ အဖျားတို့ကိုနိုင်၏။ ရေစိမ်းကိုသောက်လျှင် တစ်ပဟိုရ်မှ ကြေ၏။ ရေကျက်အေးကိုသောက်လျှင် တစ်ပဟိုရ်၏ ထက်ဝက်မျှနှင့်ကြေ၏။ ကျက်ပြီးသော ရေနွေးကိုသောက်လျှင် တစ်ပဟိုရ်၏လေးပုံတစ်ပုံမျှနှင့်ကြေ၏။

ထို့ပြင် ရေအမျိုးမျိုးတို့၏ အကျိုးအပြစ်ကိုလည်း ဖော်ပြထားရာတွင် အဆင်း၊ အနံ့၊ အရသာမထင်ရှားသော၊ အလွန်အေးသော၊ ကြည်လင်သော၊ ပေါ့သော ရေအေးသည်နှလုံးကို နှစ်သက်စေတတ်၏။ ရေငတ်ခြင်းကို ပျောက်စေတတ်၏။ ဂုဏ်အပေါင်းနှင့်ပြည့်စုံ၏။ ကျိုသော၊ ပျစ်ခွဲသောပိုးတို့ဖြင့် ပွမ်းသောရွှံ့ညွန်၊ သစ်ရွက်၊ မှော်တို့ဖြင့်ပြည့်သော အနံ့မကောင်းသောရေကို မသောက်အပ်၊ မိုးဦးကျအခါ၌ ရွာသောရေကို ချိုးမိလျှင် ရေငတ်သောအနာ၊ ဝမ်းရောင်နာ၊ မြင့်ရှည်စွာ ဖျားသောအနာ၊ ချောင်းဆိုးနာ၊ ဝမ်းမီးပျက်သောအနာ၊ အကြောတို့လေးလံခြင်း၊ အိုင်းအမာအစရှိသည်တို့ဖြစ်တတ်ကုန်၏။ ဒါတွေဟာ ယောမြို့စားအတွင်းဝန်ဦးဘိုးလှိုင်ရဲ့နာမည်ကျော် ဥတုဘောဇနသင်္ဂဟကျမ်းမှာ ဖော်ပြထားတဲ့ရေနွေး၊ ရေကျက်အေး၊ ရေအေးတို့နဲ့ ပတ်သက်တဲ့ သိမှတ်ဖွယ်ရာဗဟုသုတတွေဖြစ်ပါတယ်။

နောက်ဆုံးတင်ပြလိုတာကတော့. . .

(၁) ရေနွေး ကျိုချက်တဲ့အခါမှာ ဆူပွက်ပြီး ကျက်အောင်ကျိုပါ။

(၂) ကော်ဖီဖျော်ရင် ခြောက်နာရီအတွင်း ကျိုချက်ထားတဲ့ရေနွေးနဲ့ဖျော်ပါ။

(၃) ဓာတ်ဘူးထဲက ရေနွေးနဲ့ဖျော်ရင် ခြောက်နာရီထက်ကျော်ပြီး ဓာတ်ဘူးထဲမှာ လှောင်ထားတဲ့ရေနွေးကို မသုံးသင့်ပါ။

(၄) ဓာတ်ဘူးထဲမှာ အေးပြီးသားရေနွေးကို ဓာတ်ပျက်ရေနွေးဖြစ်လို့ပြန်နွေးပြီး မသုံးပါနဲ့။ ပြန်ကျိုချက်ပြီးမသုံးပါနဲ့။

(၅) ညသိပ်ရေနွေး၊ ရေနွေးကြမ်းဟာ အဆိပ်ဖြစ်လို့ အစာအိမ်ကို ကမောက်ကမဖြစ်စေနိုင်ပါတယ်။

(၆) ရေနွေးသောက်ပြီး တစ်နာရီအတွင်းမှာ ရေအေးမသောက်ပါနဲ့။ ရေအေးသောက်ပြီး တစ်နာရီအတွင်းမှာ ရေနွေးမသောက်ပါနဲ့။

အထက်ပါအယူအဆတွေဟာမလွဲနိုင်တဲ့ တိုင်းရင်းဆေးပညာ ဥပဒေသ အယူအဆတွေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ။

## မြိတ်မြို့ ပြည်သူ့ဆေးရုံတွင် သားအိမ်ခေါင်းကင်ဆာရောဂါ အခမဲ့စစ်ဆေးပေး

မြိတ် အောက်တိုဘာ ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ပြည်သူ့ဆေးရုံ မိခင်နှင့်ကလေးကုသဆောင်တွင် သားအိမ်ခေါင်းကင်ဆာရောဂါလက္ခဏာရှိ၊ မရှိကို ယမန်နေ့ နံနက် ၉ နာရီက ပြင်သစ်နိုင်ငံ AMFA အဖွဲ့မှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးဒေါက်တာ Remi Catabelle က အခမဲ့လာရောက်စစ်ဆေးပေးလျက်ရှိသည်။

AMFA အဖွဲ့မှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဦးဆောင်၍ မြိတ်မြို့ပြည်သူ့ဆေးရုံမှသားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ဆင့်ဆင့်မိုးနှင့်အဖွဲ့ဝင်များက သားအိမ်ခေါင်းကင်ဆာရောဂါလက္ခဏာ စစ်ဆေးပေးလျက်ရှိသည်။

ရောဂါလက္ခဏာ သံသယရှိသူများကို Colposcopy မှန်ပြောင်းဖြင့် စစ်ဆေးပေးသွားမည်ဖြစ်သည်။ သားအိမ်ခေါင်းကင်ဆာရောဂါလက္ခဏာရှိ၊ မရှိကို အောက်တိုဘာ ၇ ရက်၊ ၈ ရက်၊ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း အခမဲ့စစ်ဆေးပေးသွားမည်ဖြစ်ကြောင်းနှင့် ရောဂါလက္ခဏာစစ်ဆေးမှုခံယူရန် စာရင်းပေးထားသူ ၁၃၀၀ ဦးခန့်ရှိကြောင်း သိရသည်။

**နိုင်ထူး(မြိတ်)**

www.facebook.com/themyawadydaily

# မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးကိစ္စနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၈

မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးသည် ဗုဒ္ဓသာသနာတော်အတွက် ရည်စူး၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား ရေစက်ချလှူဒါန်းပြီးဖြစ်၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုကိုသော်လည်းကောင်း လွှဲပြောင်းပေးအပ်ရန်မရှိကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်းက မီဒီယာများအား ပြောကြားလိုက်သည်။

ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၌ ပြုလုပ်သည့် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးကိစ္စနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ဦးဇာနည်ဝင်းက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။



မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးကိစ္စနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။
ဓာတ်ပုံ-သိန်းဝင်း

ထို့ပြင် ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာ့အကျိုးလိုလားသော တာဝန်ရှိပုဂ္ဂိုလ်များက မဟာသန္တိသုခကျောင်းတော်ကြီးကိစ္စ ပြီးငြိမ်းစေရန် ညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း လန်ဒန်ဆရာတော် ဦးဥတ္တရ ပါသံယာငါးပါးက ထေရ်ကြီးဝါကြီး နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား ဝန်ချတောင်းပန်မှုမပြုနိုင်ကြောင်း ပြောကြားခဲ့သဖြင့် ညှိနှိုင်းမှုကိစ္စမအောင်မြင်ခဲ့ကြောင်း။

ဥပဒေအရ ဆောင်ရွက်ပါက မည်သူနစ်နာမည်၊ မည်သူသက်သာမည်ဆိုသည်ကို လေ့လာကြည့်လျှင် သိနိုင်ကြောင်း၊ ပြီးခဲ့သည့်ကိစ္စများကို အာဃာတမထားကြောင်း၊ Win-Win သီအိုရီအရ အတတ်နိုင်ဆုံး ပြီးငြိမ်းသွားအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပဒေအတိုင်းသွားရန် လန်ဒန်ဆရာတော်က ရွေးချယ်ခဲ့သည့်အတွက် ဥပဒေအတိုင်းသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လန်ဒန်ဆရာတော် ဦးဥတ္တရ ပါသံယာငါးပါးကို သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ ၂၀/၉၀ ဖြင့် အရေးယူခြင်းသာဖြစ်ကြောင်း၊ ပိုင်ဆိုင်မှုအငြင်းပွားသည့်ကိစ္စ မဟုတ်ပါကြောင်း ဦးဇာနည်ဝင်းက ဆက်လက်ပြောကြားသည်။

လန်ဒန်ဆရာတော် ဦးဥတ္တရက "ဘုန်းကြီးတို့ကို လာဒွေးနွေးထားတာရှိတယ်။ ဘုန်းကြီးတို့ကို ပြန်လွှတ်ပေးမယ်၊ တောင်းပန်ခိုင်းတယ်။ တောင်းပန်ရမှာက ဘုန်းကြီးတို့ ပြစ်မှားလို့ တောင်းပန်ရတာမျိုးမဟုတ်ဘဲ အပြစ်ရှိလို့ တောင်းပန်ရတဲ့ဟာမျိုးဆိုရင် ဘုန်းကြီးတို့က မတောင်းပန်နိုင်ဘူး။ ဒီကိစ္စနဲ့ ပတ်သက်လို့ ဆုံးဖြတ်ထားတာ တိတိကျကျမရှိဘဲ သူပိုင်ကိုယ်ပိုင်ငြင်းနေတဲ့အငြင်းမှာ ဘုန်းကြီးတို့က ခေတ္တခဏသွားရောက်နေတဲ့ ပုံစံမျိုးနဲ့နေတာဖြစ်တယ်။ အဲဒီပိုင်နက်အတွင်းမှာနေတယ်။ နိုင်ငံတော်သံဃမဟာနာယကကို ဘုန်းကြီးတို့က အကြည်ညိုပျက်အောင်ပြောတယ်ဆိုတဲ့ စွဲချက်တွေ၊ နိုင်ငံရေးလုပ်တယ်ဆိုတဲ့ စွဲချက်တွေနဲ့ အစိုးရက တရားစွဲထားတဲ့အတွက်ကြောင့် သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ ၂၀/၉၀ ဖြေရှင်းဖို့ ကျန်နေတယ်။ ဥပဒေအရဆောင်ရွက်ဖို့ကလွဲလို့ မရှိပါဘူး"ဟု မီဒီယာတစ်ခုနှင့်တွေ့ဆုံစဉ် မိန့်ကြားထားကြောင်း သိရသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ပီနန်ဆရာတော် ဦးပညာဝံသက မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ သီတင်းသုံးလိုကြောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံသို့ လျှောက်ထားတင်ပြခဲ့သည့်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အဋ္ဌာရသမအစည်းအဝေးက "ဦးပညာဝံသ တစ်ပါးတည်းကိုသာ အာဂန္တုရဟန်းအဖြစ် သီတင်းသုံးခွင့်ပြုရန်" ဆုံးဖြတ်ထားကြောင်း ဦးဇာနည်ဝင်းက ဆိုသည်။

မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍လည်း သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးကို နိုင်ငံတော်အစိုးရမှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ လှူဒါန်းထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကသာ စီမံပိုင်ခွင့်ရှိကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏အမိန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လောလောဆယ်မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးကို ချိပ်ပိတ်ထားကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ပနိုင်ငံများရှိ ထေရဝါဒမြန်မာဘုန်းတော်ကြီးကျောင်းများတွင် ကျောင်းထိုင်နိုင်ရန်သာသနာပြုနိုင်ရန်အတွက် ဗုဒ္ဓတရားတော်များကို နိုင်ငံခြားဘာသာစကားဖြင့် ကျွမ်းကျင်စွာဟောပြောနိုင်သည်အထိ သင်ကြားလေ့ကျင့်ပေးရန် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကျောင်းမှ ဒီပလိုမာ(ဗုဒ္ဓဓမ္မ) သင်တန်းအောင်မြင်သည့် သံဃာတော် ၁၂၅ ပါးပေါ်ထွန်းခဲ့ပြီးဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)

# မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ရန်ကုန်-ဗုဒ္ဓဂယာ-ရန်ကုန်ခရီးစဉ် စတင်ပြေးဆွဲ

ရန်ကုန် အောက်တိုဘာ ၈

ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူရာ ဒေသဖြစ်သော ဗုဒ္ဓဂယာသို့ ပြည်တွင်းမှဘုရားဖူးပြည်သူများ အဆင်ပြေစွာသွားရောက်ဖူးမြော်နိုင်ရန်အတွက် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ Boeing 737 လေယာဉ်ဖြင့် ရန်ကုန်-ဗုဒ္ဓဂယာ-ရန်ကုန်ခရီးစဉ်ကို ပထမဆုံးခရီးစဉ်အဖြစ် ဘုရားဖူးပြည်သူ ၁၆၄ ဦးဖြင့် ယနေ့နံနက်ပိုင်းမှ စတင်ပြေးဆွဲကြောင်း သိရသည်။

ရန်ကုန်-ဗုဒ္ဓဂယာ-ရန်ကုန်ခရီးစဉ်ကို ၂၀၁၆-၂၀၁၇ ဘုရားဖူးရာသီတွင် အပတ်စဉ် စနေနေ့တိုင်း ပြေးဆွဲသွားမည်ဖြစ်ပြီး နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလတို့တွင် အပတ်စဉ် အင်္ဂါနေ့ခရီးစဉ်ကို ထပ်တိုးပျံသန်းသွားရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ခရီးစဉ်များကို တိုးချဲ့ပျံသန်းလျက်ရှိရာ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ရန်ကုန်-ချင်းမိုင်-ရန်ကုန်ခရီးစဉ်ကို အပတ်စဉ် တနင်္လာနှင့်သောကြာတစ်ပတ်လျှင် နှစ်ကြိမ်ပြေးဆွဲသွားမည်ဖြစ်သည်။

ထို့ပြင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်များကိုလည်း ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။ မြန်မာအမျိုးသားလေကြောင်းလိုင်းသည် မြန်မာနိုင်ငံအတွင်း မြို့ပေါင်း ၂၇ မြို့သို့ ပျံသန်းပြေးဆွဲပေးနေသော လေကြောင်းလိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

လင်းခန့်



# Swimming Doctors-3 ရေချပွဲအခမ်းအနားကျင်းပ




Swimming Doctors-3 ရေယာဉ်ကို တွေ့ရစဉ်။

ရန်ကုန် အောက်တိုဘာ ၈

မြန်မာသင်္ဘောကျင်းလုပ်ငန်းသို့ Uniteam Marine (Yangon) Limited မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် စာချုပ်ချုပ်ဆိုအပ်နှံထားသော Swimming Doctors-3 ရေယာဉ် ရေချပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆင်မလိုက်သင်္ဘောကျင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဂျာမနီသမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီးတို့တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်ဂျာမနီနိုင်ငံ Stiftun glife Foundation မှ ပါမောက္ခ Mr. Wolf Mushler ရေယာဉ်ဖြင့်ဆေးကုသမှုလုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းများအကြောင်းပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားသည်။

Clinic Boat (Swimming Doctors -3) ရေယာဉ်သည် အလျားပေ ၁၁၀၊ အနံ ၂၈ ပေ၊ ဇောက် ၈ ပေ၊ ရေစူး ၃ ပေ ၃ လက်မရှိသော ရေယာဉ်ဖြစ်ပြီး ပင်မအင်ဂျင်အဖြစ် 176 KW (236 HP)ရှိ အင်ဂျင်နှစ်လုံး၊ မီးစက် 30 KVA နှစ်လုံးတပ်ဆင်ထားသည်။ ရေယာဉ်တွင် ဆေးကုသခန်းသုံးခန်း၊ အသေးစားခွဲစိတ်ခန်းတစ်ခန်း၊ ဓာတ်ခွဲခန်းတစ်ခန်း၊ မျက်စိကုသခန်းတစ်ခန်း၊ သွားဆေးကုသခန်းတစ်ခန်းနှင့် ဆေးသိုလှောင်ခန်းတစ်ခန်းပါဝင်ကာ ရေယာဉ်တန်ဖိုးမှာ(ဆေးရုံဆေးခန်းသုံးပစ္စည်းများမပါ) ငွေကျပ်သိန်း ၄၈၃၀ ဖြစ်သည်။

အဆိုပါရေယာဉ်သည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကျေးရွာများသို့ တစ်လလျှင် သုံးပတ်သွားရောက်ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကိုထိုက်

# သဘင်ပညာရှင်များထိန်းသိမ်း ရေးဆိုင်ရာကော်မတီကို ယခုနှစ်အတွင်း ဖွဲ့စည်းမည်

ရန်ကုန် အောက်တိုဘာ ၈

မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးက သဘင်ပညာရှင်များထိန်းသိမ်းရေးဆိုင်ရာကော်မတီကို ယခုနှစ်အတွင်း ဖွဲ့စည်းမည်ဖြစ်ကြောင်း သိရသည်။

ယင်းသဘင်ပညာရှင်များထိန်းသိမ်းရေးဆိုင်ရာကော်မတီကို သဘင်နှင့်ပတ်သက်သည့် တိကျခိုင်မာသောစည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

"အခုဆိုရင် သဘင်မှာအကတွေရောနှောတာတွေ တွေ့နေရတယ်။ အဲဒီလိုရောနှောတဲ့အခါကျတော့ တဖြည်းဖြည်းနဲ့ပျက်စီးလာတာကိုတွေ့နေရတယ်။ ဥပမာ-သဘင်မင်းသမီးအကမှာဆိုရင် မင်းသမီးတွေကို အဝတ်အစားတွေ ဘယ်လိုဝတ်ဆင်ရတယ်ဆိုတဲ့စည်းကမ်းမျိုးတွေ ထုတ်ပြန်နိုင်ဖို့ကော်မတီကိုဖွဲ့စည်းမှာပါ"ဟု မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို) ပြန်ကြားရေးမှူး ပတ္တမြားကေခိုင်ကပြောသည်။

ယင်းကော်မတီအဖွဲ့အစည်းတွင် သဘင်နှင့်ဆက်နွယ်သည့် အတတ်ပညာများဖြစ်သော ရုပ်သေးအက၊ နှစ်ပါးသွားအက၊ ပြဇာတ်အက၊ လူရွှင်တော်များအပြင် တီးဝိုင်းများနှင့်ဆက်နွယ်သော အဆို၊ ဆိုင်း၊ နဲ၊ ပတ်ဝိုင်း စသည်တို့နှင့်ပတ်သက်သည့် တိကျသော စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်ရန် သဘင်ပညာရှင်ကြီးများကိုဖိတ်ခေါ်လျက်ရှိပြီး ပါဝင်အကြံပြုဆောင်ရွက်မည့် သဘင်ပညာရှင်များ၏ အမည်စာရင်းများကို သက်ဆိုင်ရာသဘင်အနုပညာနှင့်တွဲဖက်၍ အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထားကာ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးသို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်မိုး**

# Miss Tourism Queen Myanmar 2016 ခင်အင်ကြင်းကျော်နှင့်တွေ့ဆုံခြင်း



**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာလအထိ ကျင်းပမည့် Miss Tourism Queen Of The Year 2016 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် အလှမယ် ခင်အင်ကြင်းကျော်က သွားရောက်ယှဉ်ပြိုင်မည်ဖြစ်၍ သူမနှင့်တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပုံကို ယခုလိုတင်ပြလိုက်ရပါသည်။**

**Style Plus H နဲ့ချိတ်ဆက်မိတာနဲ့ပတ်သက်ပြီး ပြောပြပေးပါဦး။**

ညီမ တခြားပြိုင်ပွဲတွေလည်းပြိုင်ဖူးတယ်။ Miss Golden Land က လုပ်တဲ့ပွဲတွေနဲ့ Miss International ပွဲတွေလည်းပြိုင်ဖူးတယ်။ တီချယ်လှနုထွန်းက အင်ကြင်းကိုတွေ့တော့ Miss Tourism Queen 2016 ပြိုင်ပွဲကို သမီးသွားပြိုင်ချင်လားလို့မေးတယ်။ အင်ကြင်းကလည်း ပြိုင်ချင်တယ်။ ပြီးတော့ အင်ကြင်းရဲ့သူငယ်ချင်း သီရိကလည်း ထောက်ခံပေးတယ်။ အဲဒါနဲ့ပြိုင်ဖြစ်သွားတာပါ။

**ပြိုင်ရမယ့် ပြိုင်ပွဲနဲ့ပတ်သက်ပြီးတော့ ပြောပြပေးပါဦး။**

Miss Tourism ပွဲက ခရီးသွားလုပ်ငန်းနဲ့ဆိုင်တယ်။ တခြားပွဲတွေနဲ့တော့ မတူဘူး။ နိုင်ငံပေါင်း ၇၀ ကျော်လောက်ပါမယ်။ အဲဒီပြိုင်ပွဲက နိုဝင်ဘာ ၂၆ ရက်ကနေ ဒီဇင်ဘာလအထိ ရှန်ဟိုင်းမြို့မှာ ကျင်းပမှာပါ။ တီချယ်လှနုထွန်းကတော့ ယုံကြည်ပြီးလွှတ်ပေးတာပေါ့။

**ပြိုင်ပွဲနဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုအနေနဲ့ကရော။**

အဆင်သင့်ဖြစ်ပြီလို့တော့ ပြောလို့ရပါတယ်။ ခရီးသွားလုပ်ငန်းအကြောင်းအရာတွေကတော့ ညီမအရင်ပြိုင်ဖူးတဲ့ Miss International ပွဲတွေပြိုင်ကတည်းက ကြားဖူးနားဝရှိပြီးသားဆိုတော့ မစိမ်းပါဘူး။ ကိုယ့်နိုင်ငံရဲ့ယဉ်ကျေးမှုအကြောင်းအရာတွေကို တခြားနိုင်ငံမှာ ရှင်းပြချင်တယ်။ ညီမကိုယ်တိုင်ကလည်း ခရီးသွားရတာကို ကြိုက်တယ်။

**ပြိုင်ပွဲအတွက် ရင်ခုန်စိတ်လှုပ်ရှားမှုအပိုင်းနဲ့ အခက်အခဲတွေရောရှိလား။**

တော်တော်လေးကို စိတ်လှုပ်ရှားတယ်။ ဘာလို့လဲဆိုတော့ တရုတ်စကားအခက်အခဲဖြစ်တယ်။ ရှန်ဟိုင်းကျတော့ ဝေးလည်းဝေးတယ်။ တရုတ်စကားကလည်း နည်းနည်းခက်တယ်။ ညီမက တစ်ယောက်တည်းသွားရမှာ၊ အဖော်လည်း မခေါ်နိုင်ဘူး။ Make-up ဆရာတွေလည်းမခေါ်နိုင်ဘူး။ ညီမအဲဒီလောက်အထိလည်းမတတ်နိုင်တော့ တစ်ယောက်တည်းသွားရမှာ စိတ်လှုပ်ရှားတယ်။ ငါအဆင်ပြေပါ့မလားပေါ့။ ပြီးတော့ ရက်တိုမဟုတ်ဘူး။ ရက်ရှည်ဆိုတော့ စိုးရိမ်စိတ်နည်းနည်းတော့ရှိပါတယ်။

**ဒါဆို Make-up ပိုင်းတိုရော ဘယ်လိုလုပ်မယ်စိတ်ကူးထားလဲ။**

ညီမ အရင်ကတည်းက သင်ထားတာရှိတယ်။ ဆံထုံးတွေ၊ မိတ်ကပ်တွေကအစ ဒီကနေ အပြည့်အစုံယူသွားမယ်။ အဝတ်အစားတွေကအစ အားလုံးစီစဉ်ထားပါတယ်။ ပြီးတော့ Sport Talent ပြရမယ်ဆိုတော့ ညီမငယ်ငယ်ကတည်းက ကစားတဲ့ တိုက်ကွမ်ဒိုကစားပြမှာပါ။ အားလုံးကိုတော့ သေချာစီစဉ်ထားပါတယ်။

**National Director မပါလာနိုင်တာကလည်း အားနည်းချက်တစ်ခုဖြစ်စေနိုင်လား။**

ဟုတ်တယ်။ တီချယ်လှနုထွန်းပါရင် သေချာကိုသင်ပေးတာ။ ဒီပွဲမှာ ဒီလိုမေးရင် ဒီလိုဖြေ၊ ဒီဖိနပ်ကိုစီး။ အားလုံးကို တီချယ် ညွှန်ကြားပေးနိုင်တယ်။ တီချယ်ပါရင် ဆုတစ်ဆုမဟုတ် တစ်ဆုတော့ချိတ်နိုင်တယ်။ ရှန်ဟိုင်းကလည်းဝေးတော့ တီချယ့်ကို မခေါ်နိုင်တာပါ။ အားတော့ အရမ်းငယ်တယ်။ ဒါပေမဲ့ ညီမအကောင်းဆုံးတော့ကြိုးစားမှာပါ။

**အနုပညာအလုပ်တွေရော ဘာတွေလုပ်ဖို့ရှိလဲ။**

ညီမ Bo Bo Entertainment နဲ့တွဲပြီး အလုပ်တွေတော့လုပ်ဖြစ်တယ်။ MTV တွေလည်းရိုက်ဖြစ်တယ်။ ကြော်ငြာရိုက်ထားတာလည်းရှိတယ်။

**Model နဲ့ Miss ကရော ဘယ်အပိုင်းတွေမှာ ကွဲသွားလဲ။**

Model နဲ့ Miss က မတူပါဘူး။ Miss ကကျတော့ တာဝန်တစ်ခုလိုဖြစ်နေတယ်။ ကိုယ်လုပ်လိုက်တဲ့လုပ်ရပ်တိုင်းက ကိုယ့်နိုင်ငံပုံရိပ်အပေါ် ကျရောက်နေတာပါ။ Model ကျတော့ ကိုယ့်အချိန်နဲ့ကိုယ်လုပ်လိုက်ရုံပါပဲ။ သိပ်ပြီးတော့ Stress မများဘူး။

**ပရိသတ်တွေကိုရော ဘာများပြောချင်ပါသေးလဲ။**

ညီမတစ်ယောက်တည်း သွားပြိုင်ရတာဆိုတော့ အားငယ်တယ်။ ကိုယ်တိုင်လည်း Body ပိုင်းနဲ့ အရည်အချင်းပိုင်းကို ကြိုးစားနေပါတယ်။ ပရိသတ်တွေက ညီမအားမငယ်ရအောင် အားပေးကြပါဦးလို့ ပြောချင်ပါတယ်။ ပြန်ရောက်ရင်လည်း အနုပညာအလုပ်တွေကို ဆက်လက်လုပ်ဆောင်သွားမှာပါလို့ ပြောချင်ပါတယ်။

**အေးမြတ်မိုး**

# မင်းသမီးကြီး ဒိုင်ယန်းကီးတန် AFI ၏ တစ်သက်တာဂုဏ်ထူးဆောင်ဆုကိုရရှိမည်



လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၈

အမေရိကန်မင်းသမီးကြီး ဒိုင်ယန်းကီးတန်သည် အမေရိကန်ရုပ်ရှင်ပညာတက္ကသိုလ် AFI မှချီးမြှင့်မည့် တစ်သက်တာ ဂုဏ်ထူးဆောင်ဆုကို လက်ခံရယူသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆုသည် AFI ၏ အမြင့်ဆုံးဂုဏ်ထူးဆောင်ဆုဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇွန် ၈ ရက်တွင် အခမ်းအနားဖြင့် ပေးအပ်သွားမည်ဖြစ်သည်။

"ဒိုင်ယန်းကီးတန်ဆိုတာ အမေရိကန်ရုပ်ရှင်သမိုင်းမှာ လူချစ်လူခင်အပေါ်များဆုံး မင်းသမီးတွေအနက် တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ ဟာသနဲ့ဒရာမာနှစ်ခုစလုံးမှာ ပိုင်နိုင်စွာသရုပ်ဆောင်နိုင်သူတစ်ဦးလည်းဖြစ်ပါတယ်။ ပြီးတော့ သူကရုပ်ရှင်ဒါရိုက်တာနဲ့ထုတ်လုပ်သူတစ်ဦးလည်းလုပ်ခဲ့တဲ့အတွက် အနုပညာအပေါ် ဘယ်လောက်အထိ ချစ်မြတ်နိုးခဲ့တယ်ဆိုတာ ပေါ်လွင်နေပါတယ်" ဟု AFI ဘုတ်အဖွဲ့ဥက္ကဋ္ဌဟောင်းဝဒ်စထရင်ဂါက ပြောသည်။

***Ref: Variety***

# မိဘမဲ့ကလေးငယ်များအတွက် ပရဟိတရန်ပုံငွေဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၈

မိဘမဲ့ကလေးငယ်များအတွက် ပရဟိတရန်ပုံငွေဈေးရောင်းပွဲတော်ကို ပရဟိတအဖွဲ့များစုပေါင်း၍ အောက်တိုဘာ ၉ ရက်တွင် ကန်တော်ကြီး မျှော်စင်ကျွန်း၌ နေ့လယ်ပိုင်းမှစတင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဈေးရောင်းပွဲတော်မှာ ထားထက်တို့လို ပရဟိတအဖွဲ့တွေ အများကြီးပါတယ်။ ဈေးရောင်းလို့ရတဲ့ငွေတွေကို မိဘမဲ့ကလေးတွေအတွက်လှူဒါန်းသွားမှာပါ။ ဘယ်နေရာက မိဘမဲ့ကလေးကျောင်းလည်းဆိုတာတော့ ထားထက်အတိအကျမသိသေးဘူး"ဟု Miss Myanmar Charity Group မှ အဖွဲ့ဝင် အလှမယ် ထားထက်ထက်ကပြောသည်။

ယင်းဈေးရောင်းပွဲတော်တွင် ပါဝင်ကြမည့်ပရဟိတအဖွဲ့များတွင် Miss Myanmar Charity Group ၊ Online Donation Group ၊ အနုပညာရှင်များ၊ နေရာလေးတစ်ခု ပရဟိတအဖွဲ့တို့အပြင် တခြားသောပရဟိတအဖွဲ့တချို့တို့လည်းပါဝင်ကြမည်ဖြစ်သည်။

ယင်းဈေးရောင်းပွဲတော်တွင် အစားအသောက်နှင့်အဝတ်အထည်များရောင်းချသွားမည်ဖြစ်သည်။ ထို့ပြင် သန်လျင်မြို့နယ် မိဘမဲ့ကလေးများဂေဟာရှိ ကလေးငယ်ဦးရေ ၃၀၀ ကျော်အား ဗလာစာအုပ်များ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးမြတ်မိုး**

# ရိုးလင်းစတုန်းအဖွဲ့က တေးအယ်လ်ဘမ်သစ်ကို ဒီဇင်ဘာလတွင်ဖြန့်ချိမည်

လန်ဒန် အောက်တိုဘာ ၈

ရော့ခ်စတားကြီးများဖြစ်သည့် ရိုးလင်းစတုန်းအဖွဲ့သည် ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးစတူဒီယိုတေးအယ်လ်ဘမ်ကို ယခုနှစ် ဒီဇင်ဘာလတွင် ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

Blue & Lonesome ဟု အမည်ပေးထားသည့် အဆိုပါတေးအယ်လ်ဘမ်ကို လန်ဒန်မြို့ရှိ British Grove စတူဒီယို၌ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက သုံးရက်အတွင်း အသံသွင်းယူခဲ့ခြင်းဖြစ်သည်။

၁၉၆၂ ခုနှစ်ကတည်းက ဖွဲ့စည်းတည်ထောင်ခဲ့သည့် ရိုးလင်းစတုန်းအဖွဲ့၏ အဆိုပါတေးအယ်လ်ဘမ်တွင် အမေရိကန်ဘလူးဂီတအမျိုးအစားတေးသီချင်းများကို အဓိကထည့်သွင်းထားကြောင်း သိရသည်။

ဘလူးဂီတအမျိုးအစား တေးသီချင်းများကိုသီဆိုလိုသည့် ဆန္ဒပြင်းပြမှုသည် ရိုးလင်းစတုန်းအဖွဲ့၏ အသွေးအသားထဲတွင်အမြဲ



တမ်းတည်ရှိနေကြောင်း ၎င်းအဖွဲ့၏ကြေညာချက်တွင်ဖော်ပြထားသည်။ ရိုးလင်းစတုန်းအဖွဲ့၏ နောက်ဆုံးထွက်ရှိခဲ့သည့် တေးအယ်လ်ဘမ်မှာ A Bigger Bang အမည်ရှိ အယ်လ်ဘမ်ဖြစ်ပြီး ၂၀၀၅ ခုနှစ်က ဖြန့်ချိခဲ့ခြင်းဖြစ်သည်။

***Ref: Reuters***

# တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ စခန်းချလေ့ကျင့်နေမှုအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြား



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် သင်တန်းသားများ၏ စခန်းချလေ့ကျင့်နေမှု အခြေအနေများကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၈

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ လေ့ကျင့်သင်ကြားပေးလျက်ရှိသော ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ စခန်းချလေ့ကျင့်နေမှုများအား ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် သင်တန်းကာလအတွင်း အဆင်ပြေစွာ နေထိုင်လေ့ကျင့်နိုင်ရေးအတွက်စီစဉ်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် သင်တန်းတက်ရောက်နေသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းနည်းပြအရာရှိ စစ်သည်များအား အဆိုပါသင်တန်းကျောင်းခန်းမ၌ တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

၎င်းအပြင် အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းကလည်း ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းမှူးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး တစ်ဦးချင်း၏ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## နွားနို့တိုက်ပါ



ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေးကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါစို့။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၈

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/၈လ)

## စွယ်တော်မြတ်စေတီတော်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများက စွယ်တော်မြတ်စေတီတော်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၈

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စေတီတော်အထက်ပစ္စယာနှင့် ရင်ပြင်တော်တို့၌ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စေတီတော်ပရိဝုဏ်အတွင်းအပြင်၌ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များက စုပေါင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်းနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ဖြူးမြို့၊ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၈

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့ရှိ မဟာစည်သာသနာ့ရိပ်သာကျောင်းနှင့် ဘိုးဘွားရိပ်သာတို့၌ ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးရာ တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး မဟာစည်သာသနာ့ရိပ်သာကျောင်း ဆရာတော် နိုင်ငံတော်မှုကထိက ဗဟုဇနဟိတဓရ မွှောစရိယ၊ ကမ္ဘာ့ဌာနာစရိယ (M.A.Ph.D) ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရအား ဖူးမြော်၍ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ စားသောက်ဖွယ်ရာများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့ပြင် ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အပတ်စဉ်ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဘိုးဘွားများအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

### ⏭ တိုင်းဒေသကြီးနှင့်ပြည်နယ်မိုးရာလှေလှော်ပြိုင်ပွဲမှ

အမျိုးသမီးအသင်းငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား(အလွတ်တန်း) လှေလှော်ပြိုင်ပွဲတွင် ဝန်ကြီးဌာနနှင့်ကလပ်အသင်းများမှ အမျိုးသားအသင်းရှစ်သင်းနှင့် အမျိုးသမီးအသင်းခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအမျိုးအစားများအဖြစ် မီတာ ၅၀၀ အမျိုးသား သုံးတက်၊ အမျိုးသား ၁၀ တက်၊ အမျိုးသား ခုနစ်တက်၊ အမျိုးသား ငါးတက်၊ အမျိုးသမီးသုံးတက်၊ အမျိုးသမီး ၁၀ တက်၊ အမျိုးသမီး ခုနစ်တက်၊ အမျိုးသမီးငါးတက်တို့အပြင် ကနူးလှေ အမျိုးသားတစ်ယောက်လှော်၊ ကယက်လှေ အမျိုးသမီးတစ်ယောက်လှော်၊ ကယက်လှေအမျိုးသားတစ်ယောက်လှော်နှင့်အပြည်ပြည်ဆိုင်ရာလှေ အမျိုးသားတစ်ယောက်လှော်ပြိုင်ပွဲများလည်း ပါဝင်ကြောင်း သိရသည်။

(၄၀၂)

### ● မြန်မာယူ-၂၂ အသင်းမှ

ယူ-၁၉ အသင်းမှ အလားအလာရှိသည့်ကစားသမားများဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။

ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်မည်ဖြစ်ပြီး ၂၀၁၅ ဆီးဂိမ်းငွေတံဆိပ်ဆုရ နည်းပြအဖွဲ့ကိုပင် ဆက်လက်တာဝန်ပေးအပ်ဖွယ်ရှိနေသည်။ မြန်မာ ယူ-၂၂ အသင်းကို ပဏာမကစားသမား ၃၀ ကျော်ဖြင့် ဖွဲ့စည်းဖွယ်ရှိနေပြီး လူစာရင်းကိုထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

ယခုဖွဲ့စည်းမည့် မြန်မာ ယူ-၂၂ အသင်းတွင် ပါဝင်လာဖွယ်ရှိနေသည့် အောင်သူ၊ နန္ဒကျော်၊ ရန်နိုင်ဦး၊ သန်းပိုင်တို့ပါဝင်သော မြန်မာယူ-၂၀ အသင်းသည် ၂၀၁၅ ခုနှစ်က မလေးရှား ယူ-၂၀ အသင်းနှင့် ခြေစမ်းကစားခဲ့ဖူးပြီး မြန်မာအသင်းက သုံးဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် မလေးရှားအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် ဗီယက်နမ်နိုင်ငံ၌ကျင်းပမည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ ယူ-၂၃ အသင်းသည် ငွေတံဆိပ်ရရှိခဲ့ပြီး ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ ယူ-၂၂ အသင်း ဗိုလ်လုပွဲရောက်ရှိရန် မျှော်မှန်းထားသည်။

(၂၂၀)





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းမှ အရာရှိ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နိုင်ငံတော်ကိုကိုယ်စားပြုသည့် တစ်ခုတည်းသောတပ်မတော်ဖြစ်၍ နိုင်ငံတော်က အားထားယုံကြည်၊ စိတ်ချမှုရှိရန်လို၊ တပ်မတော်သားများအနေဖြင့် မိမိကိုယ်ကို တန်ဖိုးထားပြီး စည်းကမ်းကောင်းသည့်တပ်များ၊ စွမ်းရည်ရှိသည့်တပ်များဖြစ်အောင် အမြဲကြိုးစားလုပ်ဆောင်. . .



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ စံပြဘက်စုံမွေးမြူရေးစခန်းအတွင်းရှိ သုံးလွှာမွေးစနစ်ဖြင့် မွေးမြူထားသည့် ငါးမွေးကန်ကို ကြည့်ရှုစစ်ဆေးစဉ်။

★ ရှေ့ဖုံးမှအဆက်

ပြောင်းလဲမှုများစတင်လုပ်ဆောင်ခဲ့ကြောင်း၊ တဖြည်းဖြည်းနှင့် နိုင်ငံရေး စီးပွားရေး အုပ်ချုပ်ရေးပုံစံများ ပြောင်းလဲခဲ့ပြီး နိုင်ငံရေး စီးပွားရေး ...

အတွက် သုတ၊ ရသ စာအုပ်စာစောင်များနှင့် စားသောက်ဖွယ်ရာများပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ...

ဦးစီးချုပ်က မွေးမြူရေးလုပ်ငန်းများတွင် သန့်ရှင်းရေးသည်အရေးကြီးသဖြင့် အလေးထားကြပ်မတ်လုပ်ဆောင်ရန်၊ တိရစ္ဆာန်ကုသရေး ... ရှက်ပေးရန်၊ ဥစားကြက်နှင့် DYL ဝက်မွေးမြူရေးလုပ်ငန်းများကို ထပ်မံတိုးချဲ့၍ တပ်မိသားစုများသာမကအရပ်ဘက်သို့ပါ သက်သာသော ... စိုက်ပျိုးမွေးမြူရေးစခန်းအတွင်းရှိ Evap Type (အအေးပေးစနစ်)ဖြင့် မွေးမြူထားသည့် ဥစားကြက်မွေးမြူရေးခြံ၊ သုံးလွှာမွေးစနစ်ဖြင့် မွေးမြူ ...



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥစားကြက်မွေးမြူရေးခြံရှိ ကြက်ဥများကို ကြည့်ရှုစစ်ဆေးစဉ်။

... ကျန်းမာရေး ပညာရေးဆိုင်ရာများအား အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ အရာရှိ စစ်သည်၊ မိသားစုများအနေဖြင့်လည်း **မိမိဝင်ငွေနှင့် ထွက်ငွေမျှတအောင်သုံးစွဲခြင်း၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ မှန်ကန်သည့်ဝင်ငွေများရရှိခြင်း၊ မလိုအပ်သည့်အသုံးစရိတ်များ၊ အသောက်အစား၊ အပျော်** ...

စံပြဘက်စုံ
စိုက်ပျိုး
မွေးမြူရေး
စခန်းအတွင်းရှိ
နို့စားနွား
မွေးမြူရေးခြံကို
တွေ့ရစဉ်။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ စံပြဘက်စုံမွေးမြူရေးစခန်းအတွင်းရှိ DYL ဝက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးစဉ်။



စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်းရှိ Evap Type (အအေးပေးစနစ်)ဖြင့် မွေးမြူထားသည့် ဥစားကြက်မွေးမြူရေးခြံကိုတွေ့ရစဉ်။

## ကမ္ဘာတစ်ဝန်းစာတိုက်လုပ်ငန်းကို သုံးစွဲသူများကယုံကြည်သည့်နည်းတူ ကမ္ဘာတစ်ဝန်းထိရောက်သောဝန်ဆောင်မှုအဖြစ် တွင်တွင်ကျယ်ကျယ်ဆောင်ရွက်လျက်ရှိ

### ၂၀၁၆ ခုနှစ်၊ ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အတွက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂညွှန်ကြားရေးမှူးချုပ်ပေးပို့လာသော သဝဏ်လွှာ

**"ခေတ်သစ်လူ့ဘောင်အဖွဲ့အစည်းသို့ ဖိတ်တိုင်ရာရောက်ဖြန့်ဝေစို"**

ကမ္ဘာ့တစ်ဝန်းစာပို့လုပ်ငန်းများသည် အခြားသောဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့ ... ပေးရေးဟူသည့် ရည်မှန်းချက်များက ပိုမိုတွင်ကျယ်စေခဲ့ပါသည်။

... ရည်မှန်းချက်သုံးရပ်ကိုချမှတ်ထားပါသည်။ ၎င်းတို့မှာ-

ရည်မှန်းချက် ၁။ ။ စာပို့လုပ်ငန်းကွန်ရက်များအချင်းချင်း ...

... လာရန် လုပ်ဆောင်ရမည်ဖြစ်သည်။

ခြုံငုံ၍ပြောရလျှင် သုံးစွဲသူများ၏နေ့စဉ်ဘဝတွင် လိုအပ်ချက် ...

www.facebook.com/themyawadydaily



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk

# Always value yourselves and try to become disciplined, skilled troops

**Nay Pyi Taw October 8**

The State needs to rely on and trust in the Tatmadaw, which is a single military representing the State. Tatmadawmen must always value themselves and try to become disciplined and skilled troops, said Commander-in-Chief of Defence Services Senior General Min Aung Hlaing in meeting with the officers, other ranks and their families at Mandalay Station at 10.30 am today.

Also present on the occasion were wife of the Commander-in-Chief of Defence Services Daw Kyu Kyu Hla, Chief of the General Staff (Army, Navy and Air) General Mya Tun Oo, senior military officers of the office of the Commander-in-Chief and the commander of Central Command.

The Senior General said in shouldering national defence duty, war cannot be waged by an infantry regiment alone and the participation of armed troop units is also necessary. As **armed troop units are the strength for the existence and survival of the Tatmadaw**, they must be able to fight a battle like infantry troops. As they already have assigned duties and skills, they need to perform those duties correctly and in the best manner.

**General staff, adjutant and quartermaster affairs** also contribute a lot to the success of military duties. Good administration can create certain strength. Daily activities of the Tatmadaw must always be carried out. With fair and square administration, the unity within the Tatmadaw can be forged, leading to psychological development.

Regarding **the welfare program**, the Senior General said there were two kinds of works—the works to be undertaken by the higher departments and the works to be done by themselves. The upper-level bodies are fulfilling accommodation, health and education needs of the families of Tatmadawmen as much as they can. Officers, other ranks and families of the Tatmadaw were to balance income and expenditure ratio, generate income through small-scale farming and breeding and minimize unnecessary expenditures and indulgence.



Senior General Min Aung Hlaing meets Tatmadawmen and families at Mandalay Station.

With respect to **the political reform**, the Senior General said now the country entered into the second term of the multi-party democracy system. The country had been making a series of political, economic and administrative reforms since 1989. A lot of reforms were made by laying down 12 political, economic and social objectives. In the first term of the government elected in 2011, the country saw sweeping democratic reforms. Many countries in the world were making reforms to their democracy systems. The country could make a peaceful transition without any bloodshed as the reforms took place step by step and took times. The Tatmadawmen were to be synonymous with reforms as disciplined and qualified ones, with dignity and uprightness.

After the meeting, the Senior General presented books on various subjects and foods for officers, other ranks and families, and wife of the Senior General, cash to the Station Maternal and Child Welfare Association.

Then, the Chief of the General Staff (Army, Navy and Air) gave packages of Shwe Phi Oo instant tea mix and foodstuffs and Lt-Gen Soe Htut, sports equipment to officials. The Senior General and party cordially greeted officers, other ranks and families who attended the ceremony.

Afterwards, the Senior General and party inspected the model integrated farm of the military command. At the briefing hall, an official reported on carrying out of agriculture and livestock breeding tasks. The Senior General instructed officials to emphasize supervision of sanitation which is important in livestock breeding tasks, to assign veterinarians to perform medical checks on animals, to manage extended tasks of integrated farms at regiments and units of the headquarters, and to further extend breeding of layers and DYL pigs in order to sell them not only to families of the regiments and units but also to civilians at fair prices.

Later, the Senior General and party inspected the layer farm with Evap type, three-layer fish farm, milch cow farm and DYL pig farm in the compound of model integrated farm. **100**



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla cordially greet Tatmadawmen and families.

# Affordable housing fair on Oct 21-23

**Yangon October 8**

Affordable housing fair 2016 will be held, showcasing affordable houses and apartments across the country up for grabs for visitors.

The housing fair will be held from October 21 to October 23 at MICT Park in Yangon where government and private companies will showcase affordable houses and apartments with Construction and Housing Development Bank (CHDB) explaining about its mortgage plans to visitors.

"Housing development is one of the important sectors for long-term future development of Myanmar which has seen great changes," said managing director Mr Nitesh Khirwal of House.com.mm.

The housing fair is the third of its kind organized by House.com.mm. Urban and Housing Development under the Ministry of Construction will showcase its project around the country, said House.com.mm.

Meanwhile, CHDB will provide mortgage to those who have saved Ks-3 million in their housing saving accounts in the bank with minimum monthly income of Ks-300,000.

**MMK**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# Repair of Bagan's pagodas estimated to take five years

**Yangon October 8**

Department of Archaeology, National Museum and Library (Bagan) estimates that it will take around five years to repair 389 quake-hit pagodas in Bagan archaeological zone and repair works will be done, according to the list of priorities.

The repair works will be carried out in three orders of priority and 89 pagodas are on the list of first and second priority and remaining 300 are on the list of the third priority, according to the department.

Dhammayangyi and Gupyaukgyi temples are among the list of first and second priority and it is predicted to take at least two years to repair them. Pagodas that got small cracks during the quake are on the list of third priority.

"We are doing emergency maintenance measures to prevent cracks from growing bigger because of rain. Technician teams will inspect pagodas and provide advice on repair works," said an official of the department.

Engineering teams of Department of Archaeology, National Museum and Library, and Ministry of Construction with the help of volunteers will carry out emergency maintenance works.

**447**

# Drive with seat belts

**Yangon October 8**

Traffic police will take legal actions against drivers who fail to wear seat belts, in accordance with the motor vehicle law as from January 1 next year.

The traffic police will educate drivers during the period from November 1 to December 31.

Police Lt. Col Aung Ko Oo from No.2 Traffic Police Force said: "Actions will be taken against drivers who fail to abide by the law in January next year. We will take actions against drivers if passengers also fail to wear seat belts."

The National Traffic and Road Safety Council has already issued a warning urging drivers and passengers to wear seat belts and laid down four priority measures for the successful implementation of traffic and road safety project (2014-2020) in a short period of time.

In 2015, there were 2,159 reported traffic-related deaths (excluding motorcycle accidents). Failure to wear a seat belt is one of the leading causes of road crash death.

The Road Transport Administration Department has already issued a three-point order for the installation of life-saving seat belts for the whole country.

Cars without seat belts will not be allowed to be registered. Vehicle owners need to install seat belts before November 1.

**MMK**

# Yangon Zoological Garden celebrates elephant Mo Mo's birthday

**Yangon October 8**

A ceremony to mark the 63rd anniversary of female elephant Mo Mo will take place at Yangon Zoological Garden on a grand scale on October 22-23.

She will turn 63 years on 18 October. Her birthday has been marked since her 60 years anniversary birthday. She was transferred to the Yangon Zoological Garden from Kayah State since she was 7 years.

Under the leadership of the Care 2 Petitions, local animal right groups called on the authority to stop using her in the circus shows and to give care to her. The birthday ceremony will cover funfairs and other events.

**447**




**Female elephant Mo Mo eats a cake made of fruits, vegetables and sugar canes during a ceremony to mark her 62nd birthday at the Yangon Zoological Garden on Oct. 18, 2015 in Yangon.**

# Gold prices see steep decline

**Yangon October 8**

Just days after gold price hit record high nearly Ks-900,000 per tical in domestic market, it has seen a steep decline by Ks-40,000 per tical following the gold prices decline in international market.

The gold price was around Ks-897,000 per tical on October 4, but decreased to Ks-856,000 on October 7. "Gold prices have declined continuously for three days both in international and domestic markets. We still can't predict this downward trend will continue or stop. The price has declined by Ks-10,000 a day and this is the steepest decline this year," said U Maw Maw, general manager of Aung Thamadi Gold Jewellry Shop.

The gold price in international market was around US$-1,320 per ounce in the early days in October, but declined to US$-1,255 on October 7. The exchange rate declined from Ks-1,288 to a US dollar to Ks-1,266 to a US dollar. "Despite the decline, the business is still slow. And we still can't say the price has really declined, we'll have to wait and see," said U Zaw Aung, owner of Teik Sein Gold Jewellry Shop.

On October 7 afternoon, gold price was Ks-856,000 per tical in domestic market and US$-1,255 per ounce in international market, and the exchange rate was Ks-1,266 to a US dollar. **MMK**

# MFVP plans to set up special agricultural zones

**Yangon October 8**

Myanmar Fruit, Flower and Vegetable Producer and Exporter Association-MFVP is planning to build special agricultural zones in Kyaikhto and Heho townships, according to its chair U Soe Than Min Din.

"While he met with us on 28 September, Union Minister for Planning and Finance U Kyaw Win urged to set up agricultural zones in major crop-produced areas in order to boost farm produces. And he also said he would help the needed land areas for building special agricultural zones. So, we proposed to turn state-owned lands of Kyaikhto and Heho townships into special agricultural zones," said U Soe Than Min Din.

"Currently, we have proposed two land areas. Kyaikhto land area will be set up as pomelo cultivation zone and only pomelo will be systematically cultivated there and the fruits will be exported to foreign countries.

And then, about 300 acres of Heho land area will be set up as another agricultural zone. We will use Heho agricultural zone as potato tested land, avocado proliferated land and area for growing various kinds of flowers," he explained.

"Current cultivation is only sufficient for domestic market. If we really implement these special agricultural zones, we can plant good-quality fruits and export to foreign countries. Currently, our country has been importing flower and potato species from the Netherlands and avocado species from the United States," he added.

**Ohmar**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# Haiti in pain as hurricane toll soars, aid sought

**Jérémie October 8**

The full scale of the devastation in hurricane-hit rural Haiti became clear as the death toll surged past 400, three days after Hurricane Matthew leveled huge swaths of the country's south.

As Matthew threatened the US coast, President Barack Obama urged Americans to mobilize in support of Haiti, where a million people were in need of assistance after the latest disaster to strike the western hemisphere's poorest nation.

While the capital and biggest city, Port-au-Prince, was largely spared, the south suffered devastation.

Aerial footage from the hardest-hit towns showed a ruined landscape of metal shanties with roofs blown away and downed trees everywhere. Brown mud from overflowing rivers covered the ground.

Herve Fourcand, a senator for the Sud department, which felt the full force of Matthew's impact, said several localities were still cut off by flooding and mudslides.



Buildings destroyed and damaged by Hurricane Matthew are seen in Jeremie, in south-western Haiti, on October 7, 2016.

A scene of desolation greeted visitors to Jeremie, a town of 30,000 people left inaccessible until Friday.

With power lines down, people have been cut off from the news for days since the storm struck Tuesday -- and had yet to hear that a presidential election due to take place this weekend has been postponed.

Virtually all the town's corrugated-iron homes have been destroyed, with only a few concrete buildings left standing.

"It was as if someone had a remote control and just kept turning the wind up higher and higher," said Carmine Luc, a 22-year-old woman.

"When the roof of my house blew off, I clung to a wall with my left hand, and with my right, I held on with all my strength to my three-year-old child -- who was screaming," she said.

A ship carrying nine containers of food and medical supplies was headed for Dame Marie, further west in Grand'Anse department.

Convoys were headed to other affected areas by land, sea and air, he said, including two helicopters provided by the US military to transport 50 tonnes of water, food and medicine elsewhere in Grand' Anse. **AFP**

# US accuses Russia of cyber attacks to disrupt election

**Washington October 8**

US officials formally accused the Russian government Friday of trying to "interfere" with the American presidential election, and vowed to respond at an undisclosed time and place.

The assertion against Russia comes with relations already frayed over NATO defenses and stalled efforts to end the bloody civil war in Syria.

A joint statement from the Department of Homeland Security and Office of the Director of National Intelligence was the first official accusation by Washington against Moscow in the spate of cyber attacks, although many analysts had said the hacks appeared to be from Russia.

A US administration official said Washington would respond to the cyber attacks, without offering details.

"We will take action to protect our interests, including in cyberspace, and we will do so at a time and place of our choosing," the official said.

"The public should not assume that they will necessarily know what actions have been taken or what actions we will take."

The official statement said the US intelligence community "is confident that the Russian government directed the recent compromises of emails from US persons and institutions, including from US political organizations."

"We believe, based on the scope and sensitivity of these efforts, that only Russia's senior-most officials could have authorized these activities," it added.

The Kremlin labeled the allegations as "rubbish."

"Every day (President Vladimir) Putin's website gets attacked by several tens of thousands of hackers," Kremlin spokesman Dmitry Peskov told Russian news agency Interfax.

"A lot of these attacks are traced to the territory of the USA, but we do not blame the White House or Langley each time."

The American statement said the disclosures of alleged hacked emails on WikiLeaks and other websites and by the online persona "Guccifer 2.0" were "consistent with the methods and motivations of Russian-directed efforts."

"These thefts and disclosures are intended to interfere with the US election process," the statement said.

The statement, however, stopped short of accusing Russia in the recent cyber attacks on state election databases. **AFP**

# Bangladesh forces kill 11 suspected Islamist militants

**Dhaka October 8**

Bangladeshi forces Saturday killed eleven suspected Islamist extremists including the new leader of a banned group behind a massacre at a Dhaka cafe this year, a minister said.

"Eleven extremists were killed. They are all members of the new JMB (Jamayetul Mujahideen Bangladesh)," Home minister Asaduzzaman Khan told AFP, referring to the outlawed group that killed 22 mostly foreign hostages at the cafe in July.

"The dead included Akash who was leading the new JMB after the death of Tamim Chowdhury," he said, adding seven of the extremists were killed in a gunfight in Patertek, Gazipur district, just outside Dhaka, after they rejected an offer to surrender.

Chowdhury, a Canadian citizen of Bangladesh origin, was shot dead in a gunfight last month. Police said he was the leader of the JMB and was the mastermind behind the cafe attack.

The minister said seven more suspected Islamist extremists were also arrested in raids in two industrial towns just out side the capital after they committed robberies to fund their activities.

"We have seized money from these extremists that they got through robbery," he said.

Police said Akash could be a code name for the slain JMB leader.

Bangladesh has been reeling from a deadly wave of attacks in the last three years, including on foreigners, rights activists and members of the country's religious minorities. **AFP**

# Cholera outbreak hits war-torn Yemen: UNICEF

**Sanaa October 8**

War-torn Yemen is suffering from a cholera outbreak, the UN's children agency and the World Health Organization said Friday, posing a further threat to infants in the impoverished nation.

"This outbreak adds to the misery of millions of children in Yemen," UNICEF Yemen representative Julien Harneis said in a statement.

"Children are at a particularly high risk if the current cholera outbreak is not urgently contained especially since the health system in Yemen is crumbling as the conflict continues."

The WHO, citing Yemeni health ministry figures, said that eight cholera cases mostly involving children had been recorded in one neighbourhood of the rebel-held capital Sanaa.

They were being treated for extreme dehydration in an isolated section of the capital's Al-Sabiine hospital, it said.

The WHO said the scarcity of drinkable water has worsened the hygiene situation in Yemen, fuelling a marked increase in cases of severe diarrhoea, in particular among people displaced from their homes in the centre of the country.

UNICEF said health professionals in Sanaa had reported several cases, as had medics in Taez, Yemen's third largest city.

It said its team was working with doctors in Yemen to establish the cause of the outbreak and called on international donors to provide funding to work to improve the health situation there.

UNICEF said that cholera, a disease that is transmitted through contaminated drinking water and causes acute diarrhoea, could prove fatal in up to 15 per cent of untreated cases. The agency says nearly three million people in Yemen are in need of immediate food supplies, while 1.5 million children suffer malnutrition, including 370,000 enduring very severe malnutrition that weakens their immune system. **AFP**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# A cure for baldness? L'Oreal is working on 3D printed hair follicles that grow NEW strands

- **L'Oréal is working on the tech with a French bioprinting firm**
- **The 3D printed hair follicles could be used to grow new hair**
- **If perfected, the process could eventually be much cheaper and faster than hair transplants**



**While hair transplants, such as those had by England footballer Wayne Rooney, are possible, they involving a painstakingly long and expensive process. New technology being developed by L'Oréal could lead to 3D printing of new hair follicles that are capable of sprouting new hair.**

A new 3D printing technique could finally result in a cure for baldness.

While hair transplants, such as those had by England footballer Wayne Rooney, are possible, they involving a painstakingly long and expensive process.

New technology being developed by L'Oréal could lead to 3D printing of new hair follicles that are capable of sprouting new hair.

The cosmetics firm has teamed up with French bioprinting company Poietis in order to develop the groundbreaking technology.

Current tissue engineering techniques are limited in terms of cell patterns. However, the two companies believe that they can crack the process needed to bioprint a hair follicle.

The technique, developed by Poietis, uses laser-assisted bioprinting tech to produce biological tissue and can 'position cells in 3D with extremely high cellular resolution (on the order of ten microns) and cellular viability (over 95 per cent)', according to a statement from L'Oréal.

'Our partnership with L'Oréal should lead to the development of innovative applications in terms of tissue engineering,' adds Bruno Brisson, general manager and chief business officer.

The printer fires a laser at a cartridge containing 'ink'.

Rather than the ink usually used, this substance is in face a suspension of cells taken from alopecia patients after hair surgery.

The lasers sends a stream of these cells on to a substrate that is covered in nutrients to help the cells grow.

By doing this layer by layer, scientists believe they could grown something similar to a hair follicle.

The living biological tissue created is then matured for around three weeks before it can be used in tests. Using the French cosmetics firm's expertise in hair biology, the partnership believes it will eventually be able to produce a hair follicle than can actually sprout hair.

'For L'Oréal, the combination of our respective areas of expertise opens up the possibility of previously unheard of achievements in the field of hair.

'This research partnership is very stimulating for the Advanced Research teams,' explains José Cotovio, Director of Predictive Methods and Models department, L'Oréal Recherche & Innovation.

He added: 'This is the holy grail that we all have in mind – to make something to put on the head of people with hair-loss problems.

'Hair loss is a very emotional problem for people, and this is the final target.

'But we get there step by step. We think this is the time. We have the knowledge and the technology.'

Earlier this year, researchers revealed they had found a way to grow complex skin cells, complete with hair, and implant them successfully on skin.

Previously, experiments growing skin in labs, while successful, did not produce cells containing oil-secreting or sweat glands.

This meant they could not function as normal tissue in the way that our skin cells do. The research team from Riken Centre for Developmental Biology managed to develop a method of growing skin in the lab that more closely resembles natural skin.

**Mail Online**

### HOW DOES IT WORK?

The printer fires a laser at a cartridge containing 'ink'.

Rather than the ink usually used, this substance is in face a suspension of cells taken from alopecia patients after hair surgery.

The lasers sends a stream of these cells on to a substrate that is covered in nutrients to help the cells grow.

By doing this layer by layer, scientists believe they could grown something similar to a hair follicle.

# Trump apologizes for his crude remarks in 2005 video

**Washington October 8**

Republican presidential nominee Donald Trump apologized early Saturday for vulgar language he used about groping and kissing women in a 2005 video whose release has rocked his campaign.

"I've said and done things I regret," he said. "Anyone who knows me knows these words don't reflect who I am. I said it, I was wrong, and I apologize."

Trump offered the remarks -- believed to be the first full public apology that he has made in the duration of a campaign laced with insults and rhetoric -- in a filmed statement hours after The Washington Post released a shocking video of Trump offensively bragging about grabbing women and pursuing sex with them with impunity.

"I've never said I'm a perfect person nor pretended to be someone I'm not," Trump said.

"I pledge to be a better man tomorrow."

But the provocative billionaire quickly and defiantly pivoted from his own crisis to attack the husband of his Democratic rival Hillary Clinton, saying former president Bill Clinton "abused" women.

"I've said some foolish things, but there's a big difference between the words and actions of other people," he said.

"Bill Clinton has actually abused women, and Hillary has bullied, attacked, and shamed his victims.

"We'll discuss this in the coming days," Trump said. "See you at the debate on Sunday."

Trump's crisis comes at a precarious moment for his campaign. He squares off against Clinton for the second time on Sunday, in St. Louis, trailing the Democratic nominee in the polls, and with Clinton enjoying a dramatic lead over Trump with women voters.

In the 2005 video, Trump is heard using predatory language as he describes hitting on a married woman and grabbing women's crotches.

"When you're a star they let you do it. You can do anything," he says.

**AFP**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# ဂျပန်အလုပ်သမားငါးဦးအနက် တစ်ဦးသည် အလုပ်ပိသည့်ဒဏ်ဖြင့် သေဆုံးနေရဟုဆို

**တိုကျို  အောက်တိုဘာ  ၈**

ဂျပန်နိုင်ငံသား အလုပ်သမားငါးဦးအနက် တစ်ဦးသည် အလုပ်ပိသည့်ဒဏ်ဖြင့်သေဆုံးနေရကြောင်း နိုင်ငံ၏မကောင်းသတင်းဖြင့် ကျော်ကြားသော အလွန်အမင်းအလုပ်လုပ်ကိုင်နေရမှုအခြေအနေအပေါ် ကောက်ယူထားသည့် အစိုးရ၏စစ်တမ်းသစ်အရ သိရသည်။

အဆိုပါစစ်တမ်းသည် နိုင်ငံ၏အလုပ်ပိခြင်းကြောင့်ဖြစ်ပွားသော လူသေဆုံးမှုအပေါ် ပြုလုပ်သော ဂျပန်နိုင်ငံ၏ ပထမဆုံးစတ္တုဖြူစာတမ်းမှတစ်စိတ်တစ်ပိုင်းဖြစ်ပြီး ဝန်ကြီးချုပ်ရှင်ဇိုအာဘေးအစိုးရက အောက်တိုဘာ ၇ ရက်တွင် လက်မှတ်ရေးထိုးအတည်ပြုထုတ်ပြန်ထားသည်။

ဂျပန်နိုင်ငံရှိအလုပ်သမားများသည် အခြားစက်မှုဖွံ့ဖြိုးသောနိုင်ငံများမှ အလုပ်သမားများနှင့်နှိုင်းယှဉ်ပါက ၎င်းတို့၏ရုံးများတွင်သာ အချိန်ကုန်ဆုံးနေရပြီး လစာကောင်းသူများအနေဖြင့်လည်း ၎င်းတို့၏ကုမ္ပဏီအတွက် အချိန်ပြည့် အားသွန်ခွန်စိုက်ကြိုးပမ်းနေရလျက်ရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီအထိပြုလုပ်သော စစ်တမ်းအရ ကုမ္ပဏီဝန်ထမ်း ၂၂ ဒသမ ၇ ရာခိုင်နှုန်းသည် တစ်လလျှင်အချိန်ပိုအဖြစ် နာရီပေါင်း ၈၀ ကျော် တာဝန်ထမ်းဆောင်နေရကြောင်း စစ်တမ်းတွင်ပါဝင်သည့် နိုင်ငံအတွင်းရှိကုမ္ပဏီများကပြောကြားသည်။

ထို့ပြင် အလုပ်သမား ၂၁ ဒသမ ၃ ရာခိုင်နှုန်းသည် ရက်သတ္တပတ်လျှင် အချိန်ပိုနာရီပေါင်း ၄၉ နာရီ သို့မဟုတ် ၎င်းထက်ပို၍ အလုပ်လုပ်နေရကြောင်းနှင့် အမေရိကန်တွင် ၁၆ ဒသမ ၄ ရာခိုင်နှုန်း၊ ဗြိတိန်တွင် ၁၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ပြင်သစ်တွင် ၁၀ ဒသမ ၄ ရာခိုင်နှုန်းသာ အချိန်ပိုအလုပ်လုပ်ရကြောင်း အဆိုပါစာတမ်းတွင်ဖော်ပြထားသည်။

ဆက်လက်ပြီး အဆိုပါ ဂျပန်နိုင်ငံသားအလုပ်သမားများသည် ၎င်းတို့၏လုပ်ငန်းနှင့်ပတ်သက်၍ အလွန်အမင်းစိတ်ဖိစီးမှုကိုခံစားနေရပြီး အကြောင်းရင်းမှာ အလုပ်ရှင်များက လုပ်ငန်းတိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ မကြာခဏခေါ်ယူမေးမြန်းခြင်းကြောင့်ဖြစ်ကြောင်း စာတမ်းတွင်ဖော်ပြထားသည်။

**Ref: AFP**

# ရုရှားက နျူကလီးယားသယ်ဆောင်နိုင်သောဒုံးကျည်များကို ကာလီနင်ဂရတ်သို့ရွှေ့ပြောင်းနေဟုဆို



**တာလင်  အောက်တိုဘာ  ၈**

ရုရှားစစ်ဘက်သည် ၎င်း၏အဖျက်စွမ်းအားပြင်း နျူကလီးယားသယ်ဆောင်နိုင်သောဒုံးကျည်များကို ဘောလ်တစ်ကမ်းရိုးတန်းတစ်လျှောက် ပိုလန်နှင့်လစ်သူရေးနီးယားနိုင်ငံတို့ကြားရှိ ကာလီနင်ဂရတ်စစ်အခြေစိုက်စခန်းသို့ ရွှေ့ပြောင်းနေဖွယ်ရှိကြောင်း အက်စ်တိုးနီးယားတာဝန်ရှိသူများက ပြောကြားသည်။

ရုရှားသည် အဆိုပါဒုံးကျည်များကို ကာလီနင်ဂရတ်ဒေသသို့ ရွှေ့ပြောင်းနိုင်ဖွယ်ရှိသည်ဟု ကျွမ်းကျင်ပညာရှင်များကအစောပိုင်းတွင် ခန့်မှန်းထားသော်လည်း ၂၀၁၈-၂၀၁၉ ခုနှစ် မတိုင်မီအထိ လုပ်ဆောင်နိုင်ဖွယ်မရှိကြောင်း ၎င်းတို့ကသုံးသပ်ထားသည်။

အဆိုပါဒုံးကျည်များသည် အနောက်နိုင်ငံများရှိ မည်သည့်လက်နက်စနစ်နှင့်မှုမယှဉ်နိုင်အောင် ခေတ်မီသည့်လက်နက်များဖြစ်ကြောင်း၊ နျူကလီးယားထိပ်ဖူးသယ်ဆောင်ကာ လမ်းတစ်ဝက်မှာပင် ဦးတည်ချက်ပြောင်းလဲနိုင်သည့်အပြင် ကီလိုမီတာ ၅၀၀ အထိ ရောက်ရှိနိုင်စွမ်းရှိကြောင်း၊ အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ် တပ်ဖြန့်ချထားသည့်ပိုလန်နိုင်ငံကိုလည်း ခြိမ်းခြောက်နိုင်ကြောင်းနှင့် ယင်းလက်နက်တပ်ဖြန့်ခြင်း၏ ရည်ရွယ်ချက်မှာ ဒိုင်မာသောမဟာဗျူဟာမြောက်ဒေသကို ထူထောင်ရန်ဖြစ်ကြောင်း အက်စ်တိုးနီးယား ကာကွယ်ရေးကျွမ်းကျင်ပညာရှင်တစ်ဦးကပြောကြားထားသည်။

အကယ်၍ အဆိုပါသတင်းသည် မှန်ကန်ခဲ့ပါက ရုရှားနိုင်ငံသည် အရှေ့ဥရောပဒေသမှ အရှေ့အလယ်ပိုင်းဒေသအထိ မြေပြင်တွင်စစ်အင်အားတည်ရှိမှုကို တိုးချဲ့နေခြင်းဖြစ်ဖွယ်ရှိကြောင်း အနောက်နိုင်ငံများက သုံးသပ်ထားသည်။

ရုရှားအစိုးရသည် ကာလီနင်ဂရတ်တွင် ဒုံးကျည်တပ်မတစ်ခုကို တပ်ဖြန့်ချထားပြီးဖြစ်သော်လည်း ယင်းတပ်မတွင်တပ်ဆင်ထားသည့် OTR-21 Tochka တာတိုပစ်ဒုံးကျည်များသည် ခေတ်မီမှုမရှိသည့်အပြင် နျူကလီးယားထိပ်ဖူးကိုလည်း သယ်ဆောင်နိုင်စွမ်းမရှိကြောင်း သိရသည်။

**Ref: The Guardian**

# အမေရိကန်-ဖိလစ်ပိုင်စစ်ရေးလေ့ကျင့်ခန်းကိုရပ်တန့်ရန် ဒူတာတေညွှန်ကြား



**မနီလာ  အောက်တိုဘာ  ၈**

အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား လက်ရှိပြုလုပ်နေသော ပူးတွဲကင်းလှည့်မှုများနှင့် ရေတပ်စစ်ရေးလေ့ကျင့်ခန်းများကို ရပ်တန့်ရန် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေကညွှန်ကြားခဲ့ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဒဲလ်ဖင်လိုရန်ဇာနာက အောက်တိုဘာ ၇ ရက်တွင်ပြောကြားသည်။

အဆိုပါညွှန်ကြားမှုသည် ဒူတာတေက အမေရိကန်နှင့် မဟာမိတ်ဖြစ်မှုအဆုံးသတ်၍ ရုရှား၊ တရုတ်နိုင်ငံတို့နှင့်မဟာမိတ်ပြုရေး ကြိုးပမ်းသွားမည်ဟူသော ၎င်း၏ရည်ရွယ်ချက်ကိုပြောကြားပြီးနောက် ရက်အနည်းငယ်အကြာတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဖိလစ်ပိုင်ကမ်းတက်စစ်ရေးလေ့ကျင့်ခန်း Phiblex အမည်ရှိ စစ်ရေးလေ့ကျင့်ခန်းကို အောက်တိုဘာ ၄ ရက်မှ ၁၂ ရက်အထိ ပြုလုပ်သွားရန်စီစဉ်ထားကြောင်း၊ ၎င်းစစ်ရေးလေ့ကျင့်ခန်း၌ အမေရိကန်တပ်ဖွဲ့ဝင် ၁၄၀၀ နှင့် ဖိလစ်ပိုင်တပ်ဖွဲ့ဝင် ၅၀၀ ခန့်ပါဝင်ပြီး ဒူတာတေအစိုးရလက်ထက်တွင် ပထမဆုံးပြုလုပ်သည့် စစ်ရေးလေ့ကျင့်ခန်းလည်းဖြစ်သည်။

ထို့ပြင် အစ္စလာမ်မစ်စစ်သွေးကြွများကို ချေမှုန်းနေသည့် စောင့်ကြည့်ထောက်လှမ်းရေးမောင်းသူမဲ့လေယာဉ်များကို ထိန်းချုပ်ဆောင်ရွက်နေသော နိုင်ငံတောင်ပိုင်း မင်ဒါနာအိုပြည်နယ်၌ လက်ရှိအခြေစိုက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၇ ဦးကိုလည်း ရုပ်သိမ်းပေးရန် တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref: Xinhua (KT)**

# အမေရိကန်ကမြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများရုပ်သိမ်း

**ဝါရှင်တန်  အောက်တိုဘာ  ၈**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများကို အောက်တိုဘာ ၇ ရက်တွင် ရုပ်သိမ်းပေးလိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏နိုင်ငံရေးပြောင်းလဲမှုအခြေအနေများသည် တိုးတက်မှုများရှိလာသည့်အတွက် ယခုကဲ့သို့ အရေးယူပိတ်ဆို့မှုများကို ရုပ်သိမ်းပေးခြင်းဖြစ်ကြောင်း အမေရိကန်လွှတ်တော်နှစ်ရပ်သို့ပေးပို့သည့် သဝဏ်လွှာတွင် အိုဘားမားကပြောကြားထားသည်။

ထို့ပြင် မြန်မာနိုင်ငံသည် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရကြောင်း၊ ယင်းစိန်ခေါ်မှုများကိုရင်ဆိုင်ဖြေရှင်းနိုင်ရန် မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူများကို အမေရိကန်ပြည်ထောင်စုက အခြားနည်းလမ်းများဖြင့် ဆက်လက်ကူညီပေးသွားမည်ဖြစ်ကြောင်း အိုဘားမားက သဝဏ်လွှာတွင် ပြောကြားထားသည်။

မြန်မာနိုင်ငံ၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ပြီးခဲ့သည့်လက အမေရိကန်ပြည်ထောင်စုသို့သွားရောက်လည်ပတ်စဉ် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကိုရုပ်သိမ်းပေးရန်အစီအစဉ်ရှိကြောင်း အိုဘားမားက ကြေညာထားခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်က အဆိုပါခရီးစဉ်အတွင်း အမေရိကန်အနေဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကိုရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ကြောင်းနှင့် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံအတွင်းဝင်ရောက်ကာ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် တိုက်တွန်းခဲ့ကြောင်းသိရသည်။ **Ref: ABC News**

# ဟာရီကိန်းမုန်တိုင်း မက်သယူး အမေရိကန်ပြည်နယ်များသို့ ဝင်ရောက်တိုက်ခတ်

**ဂျက်ဆင်ဗေးလ်  အောက်တိုဘာ  ၈**

ဟာရီကိန်းမုန်တိုင်း မက်သယူးသည် အမေရိကန်ပြည်ထောင်စု အနောက်တောင်ပိုင်း ဖလော်ရီဒါပြည်နယ်၌ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ဂျော်ဂျီယာပြည်နယ်နှင့် တောင်ကာရိုလိုင်းနားပြည်နယ်များသို့ အောက်တိုဘာ ၈ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်းသိရသည်။

ယင်းမုန်တိုင်းသည် ၁ နာရီလျှင် ၁၀၅ မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီးနောက်ပိုင်းတွင် တဖြည်းဖြည်းအားပျော့လာသည့်အတွက် ၎င်းမုန်တိုင်းကို ပြင်းအားအဆင့် ၂ အဖြစ် သတ်မှတ်ခဲ့ကြောင်း အမျိုးသားဟာရီကိန်းစင်တာက ပြောကြားသည်။

မက်သယူးမုန်တိုင်းသည် ယခုအခါ ကိုလိုနီခေတ် သမိုင်းဝင်မြို့များဖြစ်သော တောင်ကာရိုလိုင်းနားရှိ ချာလတ်စ်တန်နှင့် ဂျော်ဂျီယာပြည်နယ်အတွင်းရှိ ဆာဗန်နက်ချ်မြို့အနီးရှိ ကမ်းရိုးတန်းအနီးသို့ နီးကပ်စွာဝင်ရောက်လာပြီဖြစ်ကြောင်း၊ နောက်ထပ် ၃၈ နာရီအတွင်း ဖလော်ရီဒါပြည်နယ်အရှေ့မြောက်ဘက်ကမ်းရိုးတန်း၊ ဂျော်ဂျီယာကမ်းရိုးတန်း၊ တောင်ကာရိုလိုင်းနားပြည်နယ်ကမ်းရိုးတန်းနှင့် မြောက်ကာရိုလိုင်းနားကမ်းရိုးတန်းဒေသများတွင် အသက်အန္တရာယ်စိုးရိမ်ရသည့်အနေအထားရှိကြောင်း မိုင်ယာမီမြို့ရှိ အမျိုးသားဟာရီကိန်းစင်တာက သတိပေးပြောကြားထားသည်။

အလားတူ တောင်ကာရိုလိုင်းနားပြည်နယ်မှ အာဏာပိုင်များက ဒေသခံများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရန် တိုက်တွန်းထားသည်ဟု သိရသည်။ ဖလော်



ရီဒါပြည်နယ်၌ အောက်တိုဘာ ၇ ရက်တွင် မက်သယူးမုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ငါးဦးသေဆုံးကာ ဒေသခံများအနေဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ကြုံတွေ့ရလျက်ရှိသည်။

ထို့ပြင် ဟေတီနိုင်ငံတွင် အဆိုပါမက်သယူးမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် လူ ၈၀၀ ကျော် သေဆုံးခဲ့ကြောင်း ကနဦး သတင်းထုတ်ပြန်ချက်များအရသိရသည်။

**Ref: CNA**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# တောင်ပေါ်ဒေသတွင် စိုက်ပျိုးသော အခြားသီးပင်များ

ဒေါက်တာချစ်
(ထပ်ဆင့်အမျိုးသားစာပေဆုရ)

## လက်ဖက်ပင်စိုက်ပျိုးရေး

**(က) ပျိုးထောင်ခြင်း**

| | |
|---|---|
| အပူချိန် | - ၃၅˚-၈၅˚ F |
| မိုးရေချိန် | - ၆၅"-၈၅" |
| အမြင့် | - ၄၀၀၀'-၆၀၀၀' |
| မြေအချဉ် | - ၄. ၅ - ၆. ၀ |
| မြေမျိုး | - မြေနီ၊ မြေစေး |

(၁) အနည်းဆုံး အသက် ၅-၇ နှစ်သားအရွယ်ရှိ မျိုးပင်မှ အစေ့ကိုယူရန်။
(၂) အစေ့ဆွတ်ခူးပြီး ခုနစ်ရက်အတွင်း ပျိုးထောင်ရန်။
(၃) ပျိုးပေါင်ကို သန့်စင်ထားသော သဲမြေဖြင့်ပြုလုပ်ရန်။
(၄) မျိုးစေ့ကို ပျိုးပေါင်ပေါ်တွင် တစ်စေ့နှင့်တစ်စေ့ တစ်လက်မခြားပြီး တစ်တန်းနှင့်တစ်တန်း လေးလက်မခြားကာ မြေတွင် အစေ့မြုပ်ရုံသာ စိုက်ရန်။
(၅) အစေ့ပေါ်တွင် သဲမြေပါးပါးဖုံးပြီး ကောက်ရိုး/ မြက်ခြောက်ဖုံး၍ ရေဝအောင် လောင်းပေးရန်။
(၆) ပျိုးပေါင်ပေါ်တွင် အရိပ်ပြုလုပ်ပေးရန်။
(၇) အပင်ပေါက်လာပြီး အရွယ် ၅-၇ ရွက်ခန့် ထွက်လာလျှင် ပျိုးအိတ်ထဲသို့ တစ်ပင်ချင်း ပြောင်းရွှေ့စိုက်ပျိုးရန်။
(၈) ထိုပျိုးအိတ်ပေါ်တွင်လည်း အရိပ်ကျဲကျဲပြုလုပ်ပေးရန်။

**(ခ) စိုက်ပျိုးခြင်း**

(၁) ပျိုးပင်သက်တမ်း ၁-၂ နှစ်သားကို စိုက်ပျိုးရန်။
(၂) မေ၊ ဇွန်လိုင်လတို့တွင် စိုက်ပျိုးရန်။
(၃) ၂၃'×၅ အကွာထားပြီး စိုက်ပျိုးရန်။(၃၄၈၄ ပင်/ဧက)
(၄) လေကာပင်တန်း စိုက်ပျိုးရန်။ (သစ်တော်၊ ပန်းသီးပင်တို့ကို တစ်တန်းနှင့်တစ်တန်း ပေ ၁၀၀-၁၅၀ ခြား၍။)
(၅) တရုတ်လက်ဖက်မျိုး(C.Sinensic) ကိုစိုက်ပျိုးရန်။(အကြမ်းခံ၊ အပင်ပု၊ အရွက်သေး၊ အထွက်နည်း။)

**(ဂ) မြေဩဇာကျွေးခြင်း**

(၁) နိုက်ထရိုဂျင်ဓာတ် (N)အထူးလိုအပ်သဖြင့် စိုက်ခင်းတစ်ဧကတွင် အပင်ငယ်စဉ် ယူနီးယား ပေါင် ၅၀ မှ အပင်ကြီးလာလျှင် တဖြည်းဖြည်းတိုး၍ ပေါင် ၂၀၀ ခန့်ထိကျွေးရန်။
(၂) မြေဆွေးကိုလည်း ဓာတ်မြေဩဇာနှင့်အတူရောပြီး တင်း ၅၀ မှ ၂၀၀ အထိကျွေးရန်။
(၃) မြေဩဇာကို မေ၊ ဇွန်လတွင် တစ်ကြိမ်နှင့် ဩဂုတ်၊ စက်တင်ဘာလတွင် တစ်ကြိမ်၊ နှစ်ကြိမ်ခွဲ၍ကျွေးရန်။

**(ဃ) ရေသွင်းခြင်း**

(၁) စိုက်ပျိုးပြီးစ၊ မိုးရေမလုံလောက်ပါက ရေသွင်းပေးရန်။
(၂) မြေဩဇာကျွေးချိန်၌လည်း မိုးရေမလုံလောက်ပါက ရေသွင်းပေးရန်။
(၃) ဖေဖော်ဝါရီမှ မေလတို့တွင် ရေလိုအပ်ပါက သွင်းပေးရန်။

**(င) အကိုင်းဖြတ်ခြင်း**

(၁) လက်ဖက်ပင်စိုက်ပြီး သုံးနှစ်ကြာလျှင် မြေကြီးမှ ၁ ၃/၄' မှ ၂' ခန့်သာချန်ပြီး အဖျားပိုင်းများကို ဖြတ်ပေးရန်။ (ညီညာသောကိုင်းများ ရရှိရန်။)
(၂) ပေ ၄၀၀၀ အထက်မြင့်သောဒေသများတွင် ငါးနှစ်လျှင် တစ်ကြိမ်၊ ပေ ၄၀၀၀ အောက်နိမ့်သောဒေသများတွင် သုံးနှစ်လျှင်တစ်ကြိမ်ကျ ကိုင်းဖြတ်ပေးရန်။
(၃) အကိုင်းဖြတ်ခြင်းကို မေလမှ စက်တင်ဘာလအတွင်းဆောင်ရွက်ရန်။

**(စ) ပိုးမွှားရောဂါကာကွယ်ခြင်း**

(၁) ရွက်စားပိုး ကျရောက်တတ်သည်။ မိုနိုခရိုတိုဖော့စ်ဆေးဖြင့် ပက်ဖျန်းရန်။
(၂) ပင့်ကူနီကျရောက်တတ်သည်။ ဆာလဖာပါဝင်သောဆေးဖြင့် ပက်ဖျန်းရန်။

**(ဆ) အရွက်ဆွတ်ခူးခြင်း**

(၁) သုံးနှစ်သား အပင်များမှ အရွက်ဆွတ်ခူးရန်။
(၂) မြေပြင်မှ ၂ ၃/၄ ပေအတွင်းရှိသောအရွက်များကို မခူးရန်။
(၃) ဘေးအစို့နှင့်ကြားဖူးမှ (အရွက်ကြီးဖြစ်လာရန်)အရွက်သေးများကို မခူးရန်။
(၄) အထက်သို့တက်လာသော အတက်သစ်ကို ၆-၈ လက်မခန့် ချန်ပြီးမှ အရွက်ခူးရန်။
(၅) တစ်ညွန့်မှ နှစ်ရွက်(လေးရွက်အစား)ကိုသာ ခူးရန်။(အဆင့်မြင့်လက်ဖက်ရရှိစေရန်။)
(၆) မတ်၊ ဧပြီလမှစတင်ပြီး စက်တင်ဘာလအထိ ခူးရန်။
(၇) မြေနိမ့်ဒေသ၌ ခုနစ်ရက်လျှင် တစ်ကြိမ်ကျနှင့်ကုန်းမြင့်ဒေသတွင် ၁၄ ရက်လျှင် တစ်ကြိမ်ကျခူးရန်။
(၈) တစ်ဧကလျှင် လက်ဖက်ခြောက် ပိဿာ ၁၂၀ မှ ၂၄၀ ခန့်ရနိုင်သည်။

**(ဇ) အခါးခြောက်ပြုလုပ်နည်း**

(၁) ခူးထားသောအရွက်များကို ပျော့သွားအောင် ရေနွေးငွေ့ဖြင့် ပေါင်းတင်ရန်။
(၂) အခါးရည်များထွက်သွားအောင် ဒလိမ့်ဖြင့်ကြိတ်ရန်။
(၃) နေပူတွင် ၁၀ ရက်ခန့် အခြောက်လှန်းရန်။

**(ဈ) အချိုခြောက်ပြုလုပ်နည်း**

(၁) အစိုဓာတ်လျော့နည်းပြီး ညှိုးနွမ်းသွားအောင် ၁၈-၂၀ နာရီခန့် အရိပ်ထဲတွင် လေသလပ်အခြောက်ခံရန်။
(၂) အခါးရည်များထွက်သွားအောင် ဒလိမ့်ဖြင့်ကြိတ်ပေးရန်။
(၃) အနု၊ အကြမ်းအမှုန့်များခွဲခြားရန် ဆန်ခါဖြင့်ချရန်။
(၄) နှစ်နာရီခန့် အပုပ်ခံထားရန်။
(၅) အပူချိန် ၁၈၀˚ - ၂၀၀˚ ဖာရင်ဟိုက်ရှိ လှော်ကန်များတွင်ထည့်၍ အစိုဓာတ် ၃ ရာခိုင်နှုန်းသာကျန်အောင် လှော်ရန်။(နီညိုရောင်ဖြစ်လာမည်။)

**(ည) လက်ဖက်စိုပြုလုပ်နည်း**

မြေကြီးတွင်းတွင်ဖြစ်စေ၊ ခြင်းတောင်းတွင်ဖြစ်စေ အရွက်များကို ထည့်ပြီးဖိသိပ်၍ အချဉ်တည်ရန်။

**(ဋ) ဆေးဖက်ဝင်ခြင်း**

မြန်မာ့ဆေးကျမ်းအလိုအရ လက်ဖက်သည် ဝမ်းကိုချုပ်စေတတ်၏။ လေကိုချုပ်စေတတ်၏။ ဆီးကိုရွှင်စေတတ်၏။ အိပ်ချင်ပြေစေတတ်၏။ သို့ရာတွင် သလိပ်များသူ၊ ဝမ်းမီးညံ့သူ၊ လေပွတတ်သူတို့အတွက် ဘေးဖြစ်စေတတ်၏။

အိန္ဒိယဆေးကျမ်းအလိုအရ အသင့်အတင့်စားသုံးလျှင် စိတ်ကိုနိုးဆွပေးသည်။ စိတ်ကြည်လင်စေသည်။ အိပ်ချင်ပြေစေသည်။ များများစားသုံးခြင်းဖြင့် တစ်ခါတစ်ရံစိတ်ဓာတ်တက်ကြွပြီး တစ်ခါတစ်ရံစိတ်အားငယ်ခြင်းဖြစ်တတ်သဖြင့် သတိထား၍စားသုံးရန် လိုအပ်သည်။ ။

# ဖျာပုံမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြော

ဖြိုး အောက်တိုဘာ ၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျာဝတီမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့ နံနက် ၁၀ နာရီက ပြည်သူများ လျှပ်စစ်သုံးစွဲရာတွင် အန္တရာယ်ကင်းရှင်းစေရေးဟောပြောပွဲနှင့် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းအခမ်းအနား ကျင်းပကြောင်း သိရသည်။

ဟောပြောပွဲတွင် ဇေယျာဝတီမြို့ လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက အများပြည်သူများ လျှပ်စစ်သုံးစွဲရာတွင် အန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်သုံးစွဲမှုတွင် စနစ်တကျသုံးစွဲနိုင်ရေးအတွက် ပညာပေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသူများကို လျှပ်စစ်အသုံးပြုရာတွင် သတိပြုဖွယ်ရာအချက်အလက်များပါဝင်သော အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးပြီး ကျောင်းနံရံများတွင် အသိပညာပေးနံရံကပ်ပိုစတာများ ချိတ်ဆွဲပေးကြသည်။

ဟောပြောပွဲသို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာမြနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဖြိုးမြင့်ဦး**

## ကုန်စည်ဈေးနှုန်းများ

**ဆန်**

| | | | | | |
|---|---|---|---|---|---|
| ပေါ်ဆန်း (ဖျာပုံ) | တစ်ပြည် | ၁၄၀၀ | - | ၁၈၀၀ | ကျပ် |
| ပေါ်ဆန်း (ရွှေဘို) | တစ်ပြည် | ၁၉၀၀ | - | ၂၄၀၀ | ကျပ် |
| တောင်ပြန် | တစ်ပြည် | ၁၀၀၀ | - | ၁၃၀၀ | ကျပ် |
| ဧည့်မထ | တစ်ပြည် | ၈၀၀ | - | ၁၀၀၀ | ကျပ် |

**ဆီ**

| | | | |
|---|---|---|---|
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ | ကျပ် |
| နှမ်းဆီ | တစ်ပိဿာ | ၄၄၀၀ | ကျပ် |
| စားအုန်းဆီ | တစ်ပိဿာ | ၁၇၀၀ | ကျပ် |

**အထက်ပါဈေးနှုန်းများသည် ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကောက်ယူထားခြင်းဖြစ်ပါသည်။**

**စက်သုံးဆီ**

| | | | |
|---|---|---|---|
| ပရီမီယံဒီဇယ် | တစ်လီတာ | ၆၂၀ | ကျပ် |
| ဒီဇယ် | တစ်လီတာ | ၅၉၀ | ကျပ် |
| ဓာတ်ဆီ | တစ်လီတာ | ၅၈၀ | ကျပ် |
| အောက်တိန်း (92) | တစ်လီတာ | ၆၀၀ | ကျပ် |
| အောက်တိန်း (95) | တစ်လီတာ | ၆၆၀ | ကျပ် |

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | | |
|---|---|---|---|---|
| အခေါက်ရွှေ ၁၆ ပဲရည်တစ်ကျပ်သား | | - | ၈၅၈၀၀၀ | ကျပ် |
| ၁၅ ပဲရည် | တစ်ကျပ်သား | - | ၈၁၇၅၀၀ | ကျပ် |

**နိုင်ငံခြားငွေကြေး**

| | | | | | |
|---|---|---|---|---|---|
| အမေရိကန်ဒေါ်လာ | တစ်ဒေါ်လာ | ၁၂၆၁ | - | ၁၂၆၉ | ကျပ် |
| စင်ကာပူဒေါ်လာ | တစ်ဒေါ်လာ | ၉၁၉ | - | ၉၂၄ | ကျပ် |
| ယူရို | တစ်ယူရို | ၁၄၀၅ | - | ၁၄၁၃ | ကျပ် |
| ယွမ် | တစ်ယွမ် | ၁၈၆ | - | ၁၈၉ | ကျပ် |
| ဘတ် | တစ်ဘတ် | ၃၆. ၆ | - | ၃၆. ၉ | ကျပ် |
| ရင်းဂစ် | တစ်ရင်းဂစ် | ၃၀၁ | - | ၃၀၅ | ကျပ် |
| စတာလင်ပေါင် | တစ်ပေါင် | ၁၅၇၁ | - | ၁၅၇၆ | ကျပ် |
| ယန်း | တစ်ယန်း | ၁၂ | - | ၁၂.၃ | ကျပ် |

**သိမ်ဖြူငွေလဲကောင်တာမှ ကောက်ယူထားသောနှုန်းဖြစ်ပါသည်။**

(၂၈၀)

# အမှတ်(၄)စက်မှုသင်တန်းကျောင်း(ပခုက္ကူ)အမှတ်စဉ်(၆)သင်တန်းဆင်းပွဲကျင်းပ

ပခုက္ကူ အောက်တိုဘာ ၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန အမှတ်(၄) စက်မှုသင်တန်းကျောင်း(ပခုက္ကူ) အမှတ်စဉ်(၆)သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းရှိ ကနောင်ခန်းမ၌ကျင်းပကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်က စံပြသင်တန်းသားဆုရ သင်တန်းသားတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်ပေးအပ်သည်။ ထို့နောက် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)စက်ရုံမှူး ဦးမြင့်သိန်းကTrabe အလိုက် ပထမဆုရရှိသူ ခုနစ်ဦးကိုလည်းကောင်း၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူက သင်တန်းတက် မှန်ကန်ဆုရရှိသူတစ်ဦးကိုလည်းကောင်း ဆုများပေးအပ်သည်။

ယင်းနောက် အမှတ်(၄)စက်မှုသင်တန်းကျောင်း(ပခုက္ကူ)ကျောင်းအုပ်ကြီး ဦးရဲထွဋ်ဇော်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်သည်။




အဆိုပါသင်တန်းတွင် စက်ကိရိယာကိုင်တွယ်မောင်းနှင်မှုသင်တန်း(တွင်ခုံ၊ ကြိတ်ခုံ)၊ ကွန်ပျူတာသုံးစက်ကိရိယာများကိုင်တွယ်မောင်းနှင်မှုသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ အမာတင်လုပ်ငန်းလုပ်သားသင်တန်း၊ ဂဟေဆက်လုပ်သားသင်တန်း၊ လျှပ်စစ်ပညာသင်တန်း၊ အီလက်ထရွန်နစ် သင်တန်းများ သင်ကြားကြောင်း သိရသည်။

**ကိုစော(ဓာတု)**

www.facebook.com/themyawadydaily

# ကမ္ဘာ့ဝင်ငွေအကောင်းဆုံးအသင်းအဖြစ် ရီးယဲလ်မက်ဒရစ် ရပ်တည်

## အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဝင်ငွေ ယူရို သန်း ၆၀၀ ကျော်ရနိုင်ခဲ့

မက်ဒရစ် အောက်တိုဘာ ၈

နောက်ဆုံးထုတ်ပြန်လိုက်သော တစ်နှစ်တာ ဘဏ္ဍာရေးရှင်းတမ်းအရ ရီးယဲလ်မက်ဒရစ် အသင်းသည် ကမ္ဘာပေါ်၌ တစ်နှစ်တာဝင်ငွေ အကောင်းဆုံးအသင်းအဖြစ် မန်ယူနှင့် ဘာစီလိုနာတို့ကိုကျော်ဖြတ်ကာ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ စပိန်ထိပ်တန်းကလပ် ရီးယဲလ်အသင်းသည် ၂၀၁၅-၂၀၁၆ ရာသီကုန်အထိ တစ်နှစ်တာ ဘဏ္ဍာရေးစာရင်းရှင်းတမ်းကို ထုတ်ပြန်ခဲ့ရာ ယမန်နှစ်ကထက် ဝင်ငွေ ၇ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ယူရို သန်း ၆၂၀ အထိတိုးတက်ရရှိနိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါကာလအတွင်း ဘာစီလိုနာအသင်း၏ ဝင်ငွေသည် ယူရို ၆၇၉ သန်းရှိခဲ့သော်လည်း ကစားသမားရောင်းချမှုမှရရှိသော ယူရို သန်း ၇၀ ကို ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်ကာ ရီးယဲလ်အသင်းက ကစားသမားရောင်းချရမှု အရှုံးအမြတ်ကို ထည့်သွင်းတွက်ချက်ထားခြင်း မပါဝင်ခဲ့ပေ။ မန်ယူအသင်းသည် ဇက်တင်ဘာလ အတွင်း ထုတ်ပြန်ကြေညာခဲ့သော တစ်နှစ်တာ ဝင်ငွေစာရင်း၌ ယူရို သန်း ၅၇၀ ရှိကြောင်း သိရသည်။

ရီးယဲလ်အသင်းသည် အဆိုပါဘဏ္ဍာရေးနှစ်အတွင်း အကြွေးယူရို ၉၆ သန်းကို ပေးချေနိုင်ခဲ့သည်။ ထို့ကြောင့် စုစုပေါင်းအမြတ်ဝင်ငွေ ပမာဏမှာ ၂၂ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်။ ငွေကြေးအားဖြင့် ယူရို ၅၅ ဒသမ ၉ သန်းမှ ယူရို ၄၃ ဒသမ ၃ သန်းသို့ လျော့ကျသွားခြင်းဖြစ်သည်။

ရီးယဲလ်အသင်းက "စီမံခန့်ခွဲမှုပိုင်းဝင်ငွေက ရင်းနှီးမတည်မှုကုန်ကျစရိတ်၊ ကစားသမားအပြောင်းအရွှေ့ကိစ္စတွေကို ထည့်မတွက်ဘဲ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဝင်ငွေ ယူရို သန်း ၆၀၀ ကျော်သွားခဲ့ပါတယ်။ အသင်း ကစားသမားများကိုပေးချေရမှုတွေရယ်၊ ကစားသမားအပြောင်းအရွှေ့ကုန်ကျငွေတွေ မတိုင်မီ စီမံခန့်ခွဲမှုက ရတဲ့ဝင်ငွေတစ်ခုတည်းက ယူရို ၁၆၃ ဒသမ ၂ သန်းရှိခဲ့ပါတယ်။ ဒါက အသင်းသမိုင်းမှာ စံချိန်တင်ရရှိနိုင်မှုပါ။ ဒီလို စီမံခန့်ခွဲမှုပိုင်းက ဝင်ငွေတိုးမြှင့်ရရှိနိုင်ခြင်းက အသုံးစရိတ်တွေလျှော့ချနိုင်မှု၊ လိုအပ်ချက် အဆောက်အအုံတွေအတွက် ရင်းနှီးမြှုပ်နှံမှု အပိုင်းတွေမှာ စီစစ်သုံးစွဲနိုင်ခဲ့မှုတွေကြောင့်ဖြစ်ပါတယ်။ အခွန်မဆောင်မီ အမြတ် ယူရို ၄၃ ဒသမ ၃ သန်းကလည်း စံချိန်တင်အမြတ်ပါ။ အသင်း အခွန်ဆောင်ပြီး အသားတင်အမြတ် ယူရို ၃၀ ဒသမ ၃ သန်းကြောင့်လည်း အသင်းရဲ့ အသားတင်တန်ကြေးက ယူရို ၄၄၂ ဒသမ ၂ သန်းတိုးလာနိုင်ခဲ့ပါတယ်။ အသားတင်အကြွေးကလည်း အများကြီးကျဆင်းသွားခဲ့ရပါပြီ" ဟု ထုတ်ပြန်ကြေညာခဲ့သည်။

*Ref:Dailymail*

# ကားလ်ရီလစ်ခ်ကို အနိုင်ထိုးပြီး ရစ်ကီဘန်းစ် စူပါလိုက်ဝိတ်တန်း ချန်ပီယံဆုကာကွယ်

ဂလက်စဂို အောက်တိုဘာ ၈

သောကြာနေ့ညတွင် ဂလက်စဂို၌ ယှဉ်ပြိုင်သော WBA စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲတွင် လက်ရှိချန်ပီယံ စကော့တလန်နိုင်ငံသား ရစ်ကီဘန်းစ်က ဘီလာရုစ် လက်ဝှေ့သမား ကားလ်ရီလစ်ခ်ကို ဒိုင်လူကြီးသုံးဦးစလုံး အသာပေးသည့် ရမှတ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံဆု ပထမဆုံးကာကွယ်ပွဲတွင် အောင်ပွဲခံနိုင်ခဲ့သည်။

ရစ်ကီဘန်းစ်သည် စကော့တလန်နိုင်ငံအတွက် ဝိတ်တန်းအလိုက်ကမ္ဘာ့ချန်ပီယံဖြစ်သော သုံးယောက်မြောက် လက်ဝှေ့သမားဖြစ်ကာ ဒိုင်သုံးဦးစလုံးက ၁၁၈-၁၁၀၊ ၁၁၆-၁၁၂၊ ၁၁၆-၁၁၂ မှတ်ဖြင့်အနိုင်ပေးခဲ့ခြင်းဖြစ်သည်။ ရစ်ကီဘန်းစ်သည် အသက် ၃၃ နှစ်ရှိပြီး တက်သစ်စလက်ဝှေ့ကျော် ရီလစ်ခ်ထက် အသက်ခုနစ်နှစ်ပိုကြီးသော်လည်း ပါးနပ်စွာထိုးနိုင်ခဲ့ခြင်းကြောင့် အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ထိုက်တန်စွာအနိုင်ရခဲ့ခြင်းဖြစ်သည်။ ထိုနိုင်ပွဲကြောင့် ရစ်ကီဘန်းစ်သည် မျှော်လင့်နေသောလက်ဝှေ့ကျော် အေဒရီယန် ဘရွန်နာနှင့် လက်စီးဂတ်စ်၌ ယှဉ်ပြိုင်ခွင့်ရရန်ပို၍ အလားအလာကောင်းသွားခဲ့သည်။

ဘန်းစ်သည် ဘရွန်နာနှင့်ယှဉ်ပြိုင်ရန် အနည်းဆုံး ၆၄ ပွဲ ထိုးရန်လိုအပ်ပြီး ထိုမှသာလက်စ်ဗီးဂတ်စ်၌ စူပါဖိုက်ပြိုင်ပွဲယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ရစ်ကီဘန်းစ်သည် လက်ရှိတွင် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝ၌ ရှုံးပွဲမရှိသေးဘဲ ပွဲ ၄၀ စလုံးအနိုင်ရရှိထားကာ ၁၄ ပွဲတွင်အလဲထိုးအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

*Ref:Dailymail*





www.facebook.com/themyawadydaily



# သမ္မတရွေးကောက်ပွဲမတိုင်မီ သမ္မတဘားရက်အိုဘားမား ကြိုတင်မဲပေး



ချီကာဂို အောက်တိုဘာ ၈

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အောက်တိုဘာ ၇ ရက်က ကြိုတင်ကြေညာထားခြင်းမရှိဘဲ ၎င်း၏မွေးရပ်ဇာတိဖြစ်သော ချီကာဂိုမြို့ရှိ မဲရွေးချယ်ရေးအဖွဲ့သို့လာရောက်ပြီး နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးသွားခဲ့ကြောင်းသိရသည်။

သို့ရာတွင် မည်သည့်ကိုယ်စားလှယ်လောင်းအား မဲပေးရွေးချယ်ခဲ့သည်ဟူသော သတင်းထောက်များ၏မေးမြန်းချက်ကိုမူ အိုဘားမားက ဖြေကြားခဲ့ခြင်းမရှိပေ။ အိုဘားမားက ယခုကဲ့သို့ ကြိုတင်မဲထည့်သည့်ကိစ္စသည် ဒီမိုကရက်တစ်ပါတီဝင်များအနေဖြင့် သမ္မတရွေးကောက်ပွဲမတိုင်မီ ဆန္ဒမဲများကိုကြိုတင်ထည့်ကြရန် မီးမောင်းထိုးပြသလိုက်ခြင်းပင်ဖြစ်သည်။

ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဟီလာရီသည် ရွေးကောက်ပွဲတွင် ပြည်သူလူထု၏ ထောက်ခံအားပေးမှုကို ပိုမိုရရှိရန် ကြိုးပမ်းလျက်ရှိသည်။ ထို့ကြောင့် ဟီလာရီအား ချစ်ခင်ကြသူများအနေဖြင့် ရွေးကောက်ပွဲနေ့မတိုင်မီ ၄၀ ရာခိုင်နှုန်းကြိုတင်မဲပေးကြရန် ၎င်း၏မဲဆွယ်စည်းရုံးရေးအဖွဲ့မှ မန်နေဂျာ ရော်ဘီမွတ်ခ်က ပြောကြားထားသည်ဟု သိရသည်။

**Ref: AFP**

# ရုရှားဟက်ကာများက နိုင်ငံအရေးအရ ဆိုက်ဘာတိုက်ခိုက်ခြင်းဖြစ်ဟု အမေရိကန်တရားဝင်စွပ်စွဲ

ဝါရှင်တန် အောက်တိုဘာ ၈

အမေရိကန်ပြည်ထောင်စု၌ နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲမတိုင်မီ ဒီမိုကရက်တစ်ပါတီအပေါ် ရုရှားဟက်ကာများက ဆိုက်ဘာတိုက်ခိုက်မှုများလုပ်ဆောင်ခြင်းသည် နိုင်ငံရေးအရဖြစ်သည်ဟု အောက်တိုဘာ ၇ ရက်တွင် အမေရိကန်အစိုးရက ရုရှားကိုတရားဝင်ပြစ်တင်စွပ်စွဲလိုက်ကြောင်းသိရသည်။

"ဒီလိုလုပ်ရပ်မျိုးကို လုပ်ဆောင်ခွင့်ပြုခြင်းဟာ ရုရှားအစိုးရထိပ်တန်းအရာရှိကြီးများသာလျှင် ခွင့်ပြုပေးနိုင်တယ်ဆိုတာ ကျွန်တော်တို့ယုံကြည်ပါတယ်။ နိုင်ငံရေးပါတီတစ်ခုအပေါ် အခုလိုဆိုက်ဘာတိုက်ခိုက်တာဟာ အမေရိကန်ရဲ့ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ကြားဝင်နှောင့်ယှက်လိုတဲ့ရည်ရွယ်ချက်ကြောင့်သာလျှင်ဖြစ်ပါတယ်" ဟု အမေရိကန်အစိုးရက ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်းက ရုရှားအစိုးရသည် ဒီမိုကရက်တစ်ပါတီ၏ ဒီမိုကရက်တစ်အမျိုးသားကော်မတီနှင့် ဒီမိုကရက်တစ်လွှတ်တော်ဆိုင်ရာ စည်းရုံးလှုံ့ဆော်ရေးကော်မတီတို့ကို ဆိုက်ဘာတိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ကြောင်း အမေရိကန်ထောက်လှမ်းရေးတာဝန်ရှိသူများက ပြောကြားထားသည်။

သို့သော် အမေရိကန်၏စွပ်စွဲပြစ်တင်မှုများသည် တွေ့ကရာပြောသည့် အဓိပ္ပာယ်မရှိသောစကားသာဖြစ်ကြောင်း ရုရှားသမ္မတရုံးပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်ဟု Interfax သတင်းဌာနက ဖော်ပြထားသည်။

**Ref: Reuters**

# ဂျပန်နိုင်ငံ၌ အာဆိုမီးတောင်ပေါက်ကွဲမှုဖြစ်ပွား

တိုကျို အောက်တိုဘာ ၈

ဂျပန်နိုင်ငံတောင်ပိုင်း ကျူရှူးကျွန်းရှိ အာဆိုမီးတောင်သည် အောက်တိုဘာ ၈ ရက်အစောပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မီးတောင်မှပြာမှုန့်များသည် ကီလိုမီတာရာပေါင်းများစွာအကွာရှိ နိုင်ငံအနောက်ပိုင်းအထိ ပျံ့နှံ့သွားကြောင်းသိရသည်။

အဆိုပါမီးတောင်သည် နိုင်ငံအတွင်းရှိ အမြင့်ဆုံးမီးတောင်များအနက် တစ်ခုဖြစ်ပြီး ဒေသစံတော်ချိန် နံနက် ၁ နာရီ ၄၆ မိနစ်ခန့်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ မီးတောင်ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသည့် ပြာမှုန့်များသည် ကောင်းကင်အထက် မီတာ ၁၁၀၀၀ အမြင့်ထိ ရောက်ရှိခဲ့ကြောင်း မိုးလေဝသဌာနမှ ထုတ်ပြန်ခဲ့သည်။

ယင်းနောက် မိုးလေဝသဌာနက အဆိုပါမီးတောင်နှင့်ပတ်သက်၍ သတိပေးချက်အဆင့် ၃ အထိ တိုးမြှင့်ထုတ်ပြန်ခဲ့ပြီး မီးတောင်ပေါက်ကွဲမှုကြောင့် ကျောက်တုံးကျောက်ခဲများကျရောက်နေသည့်အတွက် ယင်းနေရာသို့ သွားရောက်ခြင်းမပြုရန် သတိပေးထားသည်။ အဆိုပါမီးတောင်ပေါက်ကွဲမှုအတွင်း ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

**Ref: Xinhua**

# အမျိုးသမီးများကိုဝေဖန်သည့်ဗီဒီယို ထွက်ပေါ်လာပြီးနောက် ထရမ့်ပ်တောင်းပန်

ဝါရှင်တန် အောက်တိုဘာ ၈

ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်ပ်သည် အမျိုးသမီးများကို ရုန့်ရင်းကြမ်းတမ်းစွာ ပြစ်တင်ဝေဖန်သည့် ဗီဒီယိုထွက်ပေါ်လာပြီးနောက် ၎င်း၏အပြုအမူအတွက် အောက်တိုဘာ ၇ ရက်တွင် တောင်းပန်ခဲ့ကြောင်းသိရသည်။

The Washington Post မှ ဖော်ပြခဲ့သည့် ထရမ့်ပ်၏ အမျိုးသမီးများအပေါ် ပြစ်တင်ဝေဖန်သည့် ဗီဒီယိုထွက်ပေါ်လာပြီးနောက် နာရီပေါင်းများစွာအကြာတွင် အဆိုပါတောင်းပန်ပြောကြားချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ထရမ့်ပ်သည် ၂၀၀၅ ခုနှစ်အတွင်းက အမျိုးသမီးများအပေါ် ကြမ်းတမ်းစွာဝေဖန်ပြောကြားခဲ့ခြင်းဖြစ်ပြီး ယင်းကိစ္စနှင့်စပ်လျဉ်း၍ ၎င်းအနေဖြင့် အနာဂတ်တွင် ပိုမိုကောင်းမွန်သည့်လူသားတစ်ဦးအဖြစ် နေထိုင်သွားမည်ဟု ကတိပေးခဲ့သော်လည်း သမ္မတဟောင်း ဘီကလင်တန်ကို အမျိုးသမီးများအား အနိုင်ကျင့်နှိပ်စက်သူဟု စွပ်စွဲပြောကြားထားပြီး ဟီလာရီကလင်တန်သည်လည်း ၎င်း၏ခင်ပွန်း အနိုင်ကျင့်သည့် အမျိုးသမီးများအပေါ် အနိုင်ကျင့်ဗိုလ်ကျသူဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

**Ref: AFP**

# ဒါကာမြို့ ကော်ဖီဆိုင်တိုက်ခိုက်မှု၌ ပါဝင်သည်ဟုယူဆရသူ စစ်သွေးကြွ ၁၁ ဦးကို ဘင်္ဂလားဒေ့ရှ်ချေမှုန်း



ဒါကာ အောက်တိုဘာ ၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇူလိုင်လအတွင်းက နိုင်ငံခြားသားများအပါအဝင် လူ ၂၂ ဦးသေဆုံးခဲ့သော ဒါကာမြို့ရှိ ကော်ဖီဆိုင်၌ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည်ဟုယူဆရသူ စစ်သွေးကြွအဖွဲ့ဝင် ၁၁ ဦးကို လုံခြုံရေးတပ်ဖွဲ့က အောက်တိုဘာ ၈ ရက်တွင် အသေပစ်ခတ်ချေမှုန်းခဲ့ကြောင်းသိရသည်။

IS စစ်သွေးကြွများနှင့် ဆက်နွယ်နေသည့် ဂျာမက်အူလ်မူဂျာဟစ်ဒင် (JMB)စစ်သွေးကြွအဖွဲ့မှဖြစ်သည်ဟုယူဆရသော အဆိုပါစစ်သွေးကြွများသည် ဒါကာမြို့အမြင့်ဘက်ရှိ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် ပုန်းခိုနေစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက စီးနင်းဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ၎င်းစီးနင်းမှုအတွင်း စစ်သွေးကြွများ ချေမှုန်းခံရခြင်းဖြစ်သည်ဟု ဘင်္ဂလားဒေ့ရှ်ပြည်ထဲရေးဝန်ကြီး ဒေဆာဒူဇာမန်ခန်းက ပြောကြားထားသည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်သွေးကြွများပုန်းခိုရာ နေရာသုံးခုသို့ စီးနင်းဝင်ရောက်ခဲ့ပြီးနောက် ယင်းနေရာသုံးနေရာအနက် တစ်နေရာကို စီးနင်းတိုက်ခိုက်ခဲ့ရာ စစ်သွေးကြွခုနစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဇူလိုင်လအတွင်းက ဒါကာမြို့ရှိ ကော်ဖီဆိုင်တစ်ဆိုင်၌ဖြစ်ပွားခဲ့သည့် အဆိုပါတိုက်ခိုက်မှုအတွင်း ရဲတပ်ဖွဲ့နှင့် စစ်သွေးကြွအဖွဲ့များအကြား အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာမှ နောက်ကွယ်ကကြိုးကိုင်သည်ဟုယူဆရသော တာမင်းအာမတ်ချောဒ်ဟူရီအမည်ရှိ ဘင်္ဂလားဒေ့ရှ်နွယ်ဖွား ကနေဒါနိုင်ငံသားတစ်ဦးအပါအဝင် စစ်သွေးကြွအများအပြားကို ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ချေမှုန်းနိုင်ခဲ့ကြောင်းသိရသည်။

**Ref: Reuters**

# ဟီလာရီအတွက် မဲပိုမိုရရှိရေး အိုဘားမားက ဒုက္ခသည်များကို နိုင်ငံသားအဖြစ် ခွင့်ပြုလျက်ရှိဟု ထရမ့်ပ်စွပ်စွဲ

ဝါရှင်တန် အောက်တိုဘာ ၈

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဟီလာရီကလင်တန်အတွက် လူထုထောက်ခံမှုပိုမိုရရှိစေရန် ရွှေ့ပြောင်းဒုက္ခသည်များအား နိုင်ငံရေးခိုလှုံခွင့်ပြုခြင်းကို ပိုမိုတိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း ရီပတ်ဘလစ်ကန်ပါတီမှ သမ္မတလောင်း ဒေါ်နယ်ထရမ့်ပ်က စွပ်စွဲပြောကြားထားသည်။

ထရမ့်ပ်က မက္ကဆီကိုနယ်စပ်တွင် စောင့်ကြပ်လျက်ရှိသော ရဲတပ်ဖွဲ့ဖြစ်သည့် အမျိုးသားနယ်ခြားစောင့်ကောင်စီမှ အကြီးအကဲငါးဦးနှင့် နယူးယောက်မြို့ရှိ ၎င်း၏ရုံးခန်း၌ တွေ့ဆုံဆွေးနွေးစဉ် သမ္မတအိုဘားမားကို ယခုကဲ့သို့ စွပ်စွဲပြောကြားလိုက်ခြင်းဖြစ်သည်။

အဖွဲ့ဝင် ၁၈၀၀၀ ဦးပါဝင်သော အမျိုးသားနယ်ခြားစောင့်ကောင်စီသည် ထရမ့်ပ်အား သမ္မတသစ်အဖြစ် ရွေးကောက်တင်မြှောက်ရန် တညီတညွတ်တည်း ထောက်ခံခဲ့ကြောင်းသိရသည်။

လူဝင်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများသည် ရွှေ့ပြောင်းဒုက္ခသည်များ နိုင်ငံသားအဖြစ် ခံယူနိုင်ရေးအတွက် အလုပ်များလျက်ရှိသောကြောင့် ရွှေ့ပြောင်းဒုက္ခသည်များ၏ ရာဇဝတ်မှုမှတ်တမ်းများ ထုတ်ပြန်ရန်ကိစ္စမှာ အလွန်နှေးကွေးနေခြင်းဖြစ်ကြောင်း အမျိုးသားနယ်ခြားစောင့်ကောင်စီမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် အာ့တ်ဒယ်လ်ကူတိုက ထရမ့်ပ်အား ပြောသည်။

မည်သည့်အတွက်ကြောင့် ထိုကဲ့သို့ပြုလုပ်ရသနည်းဟု ထရမ့်ပ်၏မေးမြန်းချက်ကို ဒယ်လ်ကူတိုက နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့်ရွေးကောက်ပွဲတွင် ဟီလာရီကလင်တန် အနိုင်ရရှိစေရန်အတွက် ရွေးကောက်ပွဲမတိုင်မီ ၎င်းအားထောက်ခံမဲပေးမည့် ရွှေ့ပြောင်းဒုက္ခသည်များကို နိုင်ငံသားအဖြစ်ခံယူနိုင်ရန် ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်ဟုသိရသည်။

**Ref: CNA**

www.facebook.com/themyawadydaily

# တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလှေလှော်ပြိုင်ပွဲနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား(အလွတ်တန်း)လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၈

၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလှေလှော်ပြိုင်ပွဲနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား(အလွတ်တန်း) လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အနောက်ဘက် ကျုံးအတွင်း၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အဖွင့်အမှာစကားပြောကြား၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်သည်။

အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလှေလှော်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အမျိုးသားအသင်း ၁၀ သင်း။

စာမျက်နှာ ၁၅ ကော်လံ ၁ ⏭



လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

## အားကစားဖတ်စရာ

ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲများပွဲကြိုသုံးသပ်ချက်

ဝေးလ်ရဲ့ ဂိုးပြတ်နှစ်ပွဲနဲ့ ဝေးလ်ရဲ့အိမ်ကွင်းအားသာချက်ကို စောင့်ကြည့်ပါ

စာ - ၂၇ သို့

ကမ္ဘာ့ဝင်ငွေအကောင်းဆုံးအသင်းအဖြစ် ရီးယဲလ်မက်ဒရစ်ရပ်တည် အသင်းသမိုင်းတစ်လျှောက် ပထမဆုံး အကြိမ်ဝင်ငွေ ယူရို သန်း ၆၀၀ ကျော် ရရှိခဲ့

စာ - ၂၈ သို့

ရန်ကုန်မြို့၌ကျင်းပမည့် GTG ၏ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတိုက်ရိုက် ထုတ်လွှင့်ပြသမည်

စာ - ၃၀ သို့

**ဆီးဖြူသီးတွင် ဗီတာမင်စီနှင့်အင်တီအောက်စီးဒင့်ဓာတ် များပြားစွာပါရှိသဖြင့် စားသုံးသူ ကိုယ်ခံစွမ်းအားကိုမြင့်မားစေသည်။**




# မြန်မာ ယူ-၂၂ အသင်းနှင့် ဆီးဂိမ်းအိမ်ရှင် မလေးရှားအသင်း ခြေစမ်းမည်

ရန်ကုန် အောက်တိုဘာ ၈

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပရန် ၁၀ လကျော်လိုသေးသော်လည်း ပြင်ဆင်မှုများစတင်ပြုလုပ်နေသည့် မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းအိမ်ရှင် မလေးရှား ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းနှင့် မလေးရှား ယူ-၂၂ အသင်းသည် ခြေစမ်းပွဲနှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒီဇင်ဘာ ၉ ရက်နှင့် ၁၂ ရက်တို့တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် မလေးရှား ဘောလုံးအဖွဲ့ချုပ်က ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာ ယူ-၂၂ အသင်းအတွက် အကျိုးရှိမည့် ခြေစမ်းပွဲဖြစ်သောကြောင့် သဘောတူလက်ခံခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မြန်မာ ယူ-၂၂ အသင်းကို ဖွဲ့စည်းရခြင်း မရှိသေးသော်လည်း ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၀ အသင်းမှ ကစားသမားများကို အမာခံထားကာ ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲ ငွေတံဆိပ်ဆုရ ယူ-၂၃ အသင်းမှ အသက်မီသည့် ကစားသမားများ။

စာမျက်နှာ ၁၅ ကော်လံ ၃ ●



မြန်မာ ယူ-၂၀ အသင်းနှင့် မလေးရှား ယူ-၂၀ အသင်းတို့ ၂၀၁၅ ခုနှစ်က သုဝဏ္ဏကွင်း၌ခြေစမ်းကစားစဉ်။

www.myawady.net.mm
E.mail:mwdpress@hotmail.co.uk

## နိုင်ငံတကာ သတင်းအညွှန်း

အမေရိကန်က မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူ ပိတ်ဆို့မှုများ ရုပ်သိမ်း



စာ - ၂၂ သို့

ဟာရီကိန်းမုန်တိုင်း မက်သယူး အမေရိကန် ပြည်နယ်များသို့ ဝင်ရောက်တိုက်ခတ်

စာ - ၂၂ သို့

ဂျပန်အလုပ်သမား ငါးဦးအနက်တစ်ဦးသည် အလုပ်ပိသည့်ဒဏ်ဖြင့် သေဆုံးနေရဟုဆို



စာ - ၂၂ သို့